# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 31 October 2025 ၁၁၉၈၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯



### ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာသာသနာ လင်္ကာရစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝဇိရ ပါဏီ လင်္ကာရာဘိဝံသထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ


**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာဖြင့် စီစဉ်ကျင်းပမည်** စာမျက်နှာ ၈

**ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ** စာမျက်နှာ ၉

**ပုသိမ်မြို့တွင် အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းဆင်းပွဲကျင်းပ** စာမျက်နှာ ၁၀

**နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ ပရောဂျက်ပြပွဲနှင့် အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲကျင်းပ** စာမျက်နှာ ၁၁

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များအား အကျိုးရှိစွာအသုံးချ

လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမည့် သားကောင်းရတနာများဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး စသည့်ကိစ္စရပ်များကို ကဏ္ဍအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက်အရွယ် အချိုးအစားအလိုက် ဟန်ချက်ညီမျှတစွာ ဆိုင်ရာကဏ္ဍများအလိုက် ကျေပွန်စွာထမ်းဆောင်နိုင်ရန် ဆောင်ရွက်ကြရာတွင် လူငယ်လူရွယ်များ၏ အချိုးအစားများ လုံလောက်စွာရှိနေစေရန် လိုအပ်သည်။

၂၀၂၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအချက်အလက်များသည် မြန်မာနိုင်ငံ၏ အခွင့်အလမ်းများနှင့် အတူယှဉ်တွဲပြီး လုပ်ဆောင်ရမည့်တာဝန်များကို တစ်ပါတည်း ညွှန်းဆိုဖော်ပြခဲ့သည်။ မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းဆ သိသိသာသာနည်းပါးနေသည်ကို တွေ့ရသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်လျော့ကျလာသည်ကို တွေ့ရသည်။

ယင်းသည် မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှုများ မြင့်မားလာခြင်းနှင့် မိသားစုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသလို အခွင့်အလမ်းတစ်ခုအဖြစ်လည်း မှတ်ယူနိုင်သည်။ လူငယ်လူရွယ်များ၏ အချိုးအစားလျော့နည်းခြင်းသည် ရွှေ့ပြောင်းသွားလာမှုနှင့် အဓိကသက်ဆိုင်နေသည်။ ထို့ကြောင့် လူငယ်လူရွယ်တို့၏အင်အားဖြင့် နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ထိန်းညှိနိုင်မည့် ရေရှည်စီမံချက်များကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူငယ်လူရွယ်များကြားတွင် ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှုများ မြင့်မားနေသော်လည်း တစ်ချိန်သောကာလက မွေးဖွားနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ယခုအခါ များပြားနေသေးသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် Demographic Bonus ဟုခေါ်သည့် လူဦးရေဆုလာဘ်ရှိနေဆဲကာလဖြစ်သည်။ ထို့ကြောင့် လူဦးရေဆုလာဘ် ရရှိနိုင်သည့် အချိန်ကာလမကုန်ဆုံးမီ လူငယ်လူရွယ်များအတွက် မက်လုံးများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မှန်ကန်ထိရောက်စွာ အကျိုးရှိရှိ အသုံးချနိုင်ရန် စီမံဖန်တီးအကောင်အထည်ဖော်ပေးရမည်ဖြစ်သည်။

"ယနေ့ မိမိတို့လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကို လျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ အသိပေးပြောကြားခဲ့သည်။

လူငယ်လူရွယ်များသည် အရေးပါသော တန်ဖိုးထားရမည့်အသိုက်အဝန်းဖြစ်သည်။ လူငယ်လူရွယ်များကို လျစ်လျူရှုထားပါက ၎င်းတို့၏ အသိုက်အဝန်းအတွက်သာမက နိုင်ငံအတွက်ပင် အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် လူငယ်လူရွယ်များကို မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးထားပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးနေသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတ အရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေအချိုးအစားများ ပေါ်ထွန်းလာစေရန် နိုင်ငံနှင့် ကိုက်ညီမည့် လူဦးရေမူဝါဒကိုရေးဆွဲကာ မျိုးဆက်တစ်ဆက်စာကြိုတင်မြော်တွေး၍ ပြင်ဆင်ဆောင်ရွက်သွားရန်လိုပေမည်။

ကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးကြရန် ပညာရေးနှင့်ချိန်ညှိပြီး ခိုင်မာသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာများ ပျိုးထောင်ပေးကာ အနာဂတ်နိုင်ငံတော်အတွက် မောင်းနှင်အားများဖြစ်ပေါ်လာအောင် ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုးကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံးဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Grand Sirius Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Earth Renewable Energy Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် G-Energy Plus Myanmar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ်အတွင်း အောင်နိုင်တိုးမိုးစပါးရိတ်သိမ်းမှု တာဝန်ရှိသူများကြည့်ရှု

**သာယာဝတီ အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိသမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်) စီမံကိန်းဖြင့်ဆောင်ရွက်သော အောင်နိုင်တိုးမျိုးစပါး ရိတ်သိမ်းမှုအခြေအနေကို သာယာဝတီခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ သာယာဝတီမြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အသင်းသားတောင်သူ ၄၄ ဦး၏ မိုးစပါးသီးနှံစိုက်ပျိုးဧက ၂၀၀ အနက် ကျွန်းကုန်းကျေးရွာရှိ အသင်းသားတောင်သူ ဦးစောထွန်းထွန်းဦး၏ အောင်နိုင်တိုးစပါး ၁၀ ဧက ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၁၂၀ ထွက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျွန်းစုမြို့၌ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

**ကျွန်းစု အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပဲယာကျေးရွာ၌ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် အသင်းသားတောင်သူ ဦးဝင်းမြင့်၏ မိုးစပါးစိုက်ခင်းများကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းက မိုးစပါးစိုက်ခင်းများတွင် မြေဩဇာများ အချိန်ကိုက် အချိုးကျ ထည့်သွင်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေးအတွက် ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် အသင်းမှ လိုအပ်သည့် သွင်းအားစုများ ရရှိရေးအတွက် မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

## ၃၀ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၂ | ၁၇,၂၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၁၄၇ | ၅၀၇,၁၅၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၂၀၀ | ၁,၅၂၀,၀၀၀ |
| FPB | ၂,၂၀၀ | ၂,၂၀၀ | ၁၃၄ | ၂၉၄,၈၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂၅၁ | ၇၁၅,၃၅၀ |
| EFR | ၁,၈၅၀ | ၁,၇၅၀ | ၂,၅၀၆ | ၄,၃၈၇,၇၀၀ |
| AMATA | ၃,၅၀၀ | ၃,၅၀၀ | ၁ | ၃,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၂၅၀ | ၃၅၄ | ၁,၁၅၀,၅၅၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၀၀ | ၂,၀၅၉ | ၅,၅၉၅,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

**○ ရွှေဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက် သစ် မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ နှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူ ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့် အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီး တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာသည့် ဧည့် ပရိသတ်များသည် ခင်းကျင်း ပြင်ဆင်ထားသည့် ပဒေသာပင် များအား လှည့်လည်ကြည့်ရှုကြ သည်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက် လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် သန်လျင် မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော် များကိုနာယူကြသည်။


ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော် ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို လည်းကောင်း၊

စာမျက်နှာ ၄ သို့ ○




ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် ခင်းကျင်း ပြင်ဆင်ထား သည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။





ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွား တော်မြတ်အား မြသပိတ် ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

○ စာမျက်နှာ ၃ မှ

ကထိန်အလှူခံကျောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာ သာသနာလင်္ကာရ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝဇိရပါဏီ လင်္ကာရာဘိဝံသထံ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် ကော်မရှင်ဒုတိယ ဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုး တော်ဆောင် မန္တလေးမြို့ မစိုးရိမ် တိုက်သစ် မဟာနာယက ဓမ္မ သမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ကော်မရှင်အဖွဲ့ ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင် ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်း ရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ကထိန်အမေးအဖြေများ နာယူကြည်ညို**

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ် များသည် နေပြည်တော်တိုင်း သံဃနာယက အဖွဲ့ဝင် တပ်ကုန်း မြို့ ငွေတောင်တောရကျောင်း တိုက် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည နှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်း တိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိဿတို့ထံမှ ကထိန်အမေးအဖြေများကို နာယူ ကြည်ညိုကြသည်။

စာမျက်နှာ ၅ သို့ ○

## ဆက်ကပ်လှူဒါန်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်း ကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

ဝ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီး ထံမှ ကထိန်အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနား အပြီးတွင် သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း ပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့် လှူဒါန်းငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုး ငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



## အသက် (၁၀၀) ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် နှစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးချစ်လွင်(အငြိမ်းစား)နှင့် လသာမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ဒုတိယအရာခံဗိုလ်အောင်မြင့်(အငြိမ်းစား)တို့အား ရန်ကုန် တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် အသက် (၁၀၀) ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် (၁၀၀) ပြည့် ဗိုလ်မှူးချစ်လွင် (အငြိမ်းစား)နှင့် ဒုတိယအရာခံဗိုလ်အောင်မြင့်(အငြိမ်းစား)တို့အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုဌာနချုပ် ရန်ကုန်တိုင်းဒေသကြီး(စည်ပင်အတွင်း) စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့၊ အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လသာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြု ချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ကချင်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား တက်ရောက်



မြစ်ကြီးနား အောက်တိုဘာ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ကွင်းအမှတ်-၄/ ယောရင်ကွင်း ဦးပိုင်အမှတ် ၃၅ / ၂၈၊ ၃၅ /၂၈ ရှိ ကချင်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံ သစ် ပန္နက်တော်တင် တွင်းတော် ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ အဆောက် အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်သည်။

အခမ်းအနားတွင် ကချင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန် နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ချုပ် ဒေါ်အေးအေးမော်နှင့် ကချင် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများက သတ်မှတ် နေရာအသီးသီးတွင် နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်း ပြီး အမွှေးနံ့သာများ ပက်ဖျန်းပေး ကြသည်။

ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေးက ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်း ပေးပြီး အဆောက်အအုံ ဆောက်လုပ်မည့် ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အဆောက်အအုံကို ပြည်ထောင်စု တရားလွှတ်တော် ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၂၃ -၂၀၂၇ ငါးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅)၏ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်(၁)၊ မဟာဗျူဟာရည်မှန်းချက် ၁.၄၊ မဟာဗျူဟာအစီအစဉ် ၁.၄.၁ နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး အဆောက် အအုံမှာ အလျား ၂၀၆ ပေ၊ အနံ ၁၃၅ ပေရှိ သံကူကွန်ကရစ် လေးထပ်အဆောက်အအုံဖြစ်ကာ G3 Group Limited က တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တဒင်္ဂမြေငလျင်နှင့် ထာဝရဘာဝများ

ဝထကလသ (နတလ)



၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးမြို့ရှိ အဆောက်အအုံအချို့ ပျက်စီးပြိုကြမှုမြင်ကွင်း။

### လွန်ခဲ့သော ၇ လ ကျော်

ဤရာသီ၊ ဤလ၊ ဤရက်၊ ဤအချိန်တွင် ဤကဲ့သို့ ပြင်းထန်သောငလျင်ကြီး လှုပ်ခတ်လိမ့်မည်ဟု မထင်မှတ်ခဲ့။ အိပ်မက်မဟုတ်ခဲ့သော အမြဲသတိရနေမည့် ရက်တစ်ရက်ပင် ဖြစ်လေသည်။

ဤရာသီတွင် သစ်ရွက်များ ရွှေရောင်သန်းလျက်ရှိသည်။ ပိတောက်ပန်းများ ဖူးပွင့်လာပြီး ရွှေချည်များ ငင်ထားသကဲ့သို့ ဝင့်ကြွားစွာ ဖြစ်တည်နေကြသည်။ စိန်ပန်းများ၏ ဖြူစင်သောအလှသည်လည်း ပူပြင်းမှုကြားမှ အေးမြသော အလှတရားကို ဖော်ပြနေပါသည်။

ငုဝါပန်းများ၏ ဝါကြန့်ကြန့်အရောင်များက ဤရာသီကို ပို၍တောက်ပစေပြန်သည်။ ထူးခြားသည်က ကုက္ကိုပြင်များ ရင့်မှည့်ချိန်ဖြစ်သည်။ ထို့ကြောင့် ဤကာလသည် ပိတောက်၏ ရွှေရောင်၊ စိန်ပန်းရောင်စုံ၊ ငုဝါ၏ အဝါရောင်နှင့် ကုက္ကို၏ ချိုမြိန်မှုတို့ဖြင့် မြန်မာ့သဘာဝကို အလှဆုံးဖော်ပြနေသော ရာသီပင်ဖြစ်လေသည်။

### မန္တလေးငလျင်ကြီး

ဤလှပသောရာသီ၏ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် ၁၂:၅၁ နာရီအချိန်……

ပထမတွင် မြေကြီးသည် တစ်သမတ်တည်း တငြိမ့်ငြိမ့် စတင်လှုပ်ခတ်လာသည်။ ထို့နောက် လှျပ်စစ်မီးများ ပြတ်တောက်သွားသည်။ ဒုတိယမှာ မြေကြီး၊ သစ်ပင်၊ အဆောက်အအုံ၊ နံရံများနှင့် ဗီရိုများ၊ ပစ္စည်းများက ကြွက်တက်သကဲ့သို့ တုန်ခါလာသည်။ ပြီးတော့ မြေကြီး၏ ပဲ့တင်သံတို့နှင့်အတူ အဆက်မပြတ် ပြင်းထန်စွာ လှုပ်ခါယမ်းတော့သည်။ တတိယမှာ အရာရာအားလုံး ပြန်လည်ငြိမ်သက်ရပ်တန့်သွားသည်။

ရပ်သွားသည့်တိုင် မယုံနိုင်သေး။ ကြောက်ရွံ့ခြင်း၏ အကြွင်းအကျန်များက လူတိုင်း၏ မျက်နှာပေါ်တွင် ကျောက်စာတစ်ခုလို ထွင်းထားသည်။ ကြောက်ရွံ့မှုထက်ပိုသော ဝမ်းနည်းမှု၊ မမြင်ရသေးသော ပတ်ဝန်းကျင်အဖြစ်အပျက်နှင့် အနာဂတ်အတွက် စိုးရိမ်မှုများက မြေကြီး၏ ပဲ့တင်သံနှင့်အတူ ရောထွေးနေပါသည်။

ဤသို့ဖြင့် ထင်မှတ်မထားသော၊ ကြိုတင်မသိနိုင်သော ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ဖြင့် ဖျက်အားပြင်း မန္တလေးငလျင်ကြီးသည် လှုပ်ခတ်သွားခဲ့ပေပြီ။ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ အင်းလေးဒေသနှင့် တချို့နေရာဒေသများ၌ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ရှေးဟောင်းအမွေအနှစ်များလည်း ပြိုလဲခဲ့ရသည်။ လမ်း၊ တံတားများ များစွာ ထိခိုက်ပျက်စီးခဲ့သည်။ မိသားစုပေါင်းများစွာ အသက်ဆုံးရှုံးခဲ့၊ ဘဝတွေပြိုကွဲခဲ့ကြသည်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများလည်း ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ စည်းစိမ်ဥစ္စာ၊ အိမ်ရာတိုက်တာများ ဆုံးရှုံးကြေကွဲစရာဖြစ်ခဲ့ပြီ။

မန္တလေးငလျင်ကြီးကြောင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားပျက်စီး၊ ဆုံးရှုံးမှုများ အလွန်ကြီးမားခဲ့သည်။ တွက်ချက်ထားမှုအရ ငွေကျပ် ၃၆၂၉ ဒသမ ၂၀၈ ဘီလီယံရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရပါသည်။ လှပသော ရာသီသည်လည်း အကျည်းတန်ခဲ့ရပြီ။

### ငလျင်ဟူသည်

စာရေးသူသည် **"ငလျင်ပညာရှင်"** မဟုတ်ပါ။ သို့သော် လေ့လာမှုအရ ငလျင်အကြောင်း အကျဉ်းမျှသာ သိပါသည်။ ငလျင်သည် ကမ္ဘာ့သဘာဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူသားတို့ ထိန်းချုပ်၍ မရနိုင်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။

ငလျင်များသည် သက်တမ်းတစ်ခုမရှိ၊ အစအဆုံးမရှိဘဲ အမြဲတမ်း ကမ္ဘာမြေပေါ်တွင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ငလျင်ကို မဖြစ်အောင် တားဆီး၍မရခဲ့။ ကမ္ဘာကြီး၏ အတွင်းပိုင်း သက်တမ်းရင့်သော လှုပ်ရှားမှုများကိုလည်း ရပ်တန့်စေနိုင်ခြင်း မစွမ်းနိုင်ခဲ့။ ငလျင်သည် ခေတ်မီဖွံ့ဖြိုးပြီး နည်းပညာအဆင့်မြင့်နိုင်ငံ၊ ဖွံ့ဖြိုးဆဲဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျသည့် တိုင်းပြည်ဟူ၍ ရွေးချယ်မှုမရှိ၊ ညှာတာမှုမရှိ၊ ခွဲခြားမှုမရှိပေ။ ထို့ကြောင့် ငလျင်အန္တရာယ်များကို မဖြစ်မနေ ရင်ဆိုင်နေကြရဆဲဖြစ်သည်။

### လူသားတို့၏ လောဘကြောင့်

**လူသားတို့၏ လောဘကား အရာရာကို မရောင့်ရဲ၊ မတင်းတိမ်နိုင်။ ကမ္ဘာမြေကို လက်တစ်ဆုံးနှိုက်ကြ၏။ လောင်စာစွမ်းအင်မျိုးစုံ၊ ဓာတ်သတ္တုမျိုးစုံတို့ကို ကမ္ဘာမြေမှ တူးဖော်လေ၏။ စက်ယန္တရားအစွမ်းဖြင့် ကမ္ဘာမြေကို အသူတစ်ရာနက်အောင် တူး၏။ ကုန်းကို ဖဲ့၏။ တောင်ကိုဖြို၏။ ကျောက်ဆောင်ကျောက်သားကို ဖောက်ထွင်းလေ၏။ ကမ္ဘာမြေကား လူသားတို့လက်၌ ပျက်စီးလေတော့သည်။ ထိုအခါ ကမ္ဘာမြေသည် ကျုံလေ၏။ ကုန်းသည်လည်း စောင်း၏။ တောင်သည်လည်း ပြိုလေ၏။ ကျောက်ဆောင်ကျောက်သားတို့ကလည်း အပူငွေ့ကို အထိန်းအကွပ်မဲ့ ထုတ်လွှတ်လေတော့၏။**

ကမ္ဘာမြေကြီးသည် အသက်ရှူသော သက်ရှိတစ်ခုပမာပင်ဖြစ်သည်။ သူ၏ အတွင်းပိုင်းတွင် အဆက်မပြတ် လှုပ်ခတ်နေသော စွမ်းအင်များ၊ ပြင်းထန်သော ဖိအားများကြောင့် မကြာခဏ မတည်ငြိမ်မှုများ ဖြစ်ပေါ်တတ်သည်။ ထိုမတည်ငြိမ်မှုတို့ ရုတ်တရက် လှုပ်ခတ်လိုက်သောအခါတွင် ငလျင်ဟူသောဘေးအန္တရာယ်ကြီးပေါ်ပေါက်လာတော့သည်။

ငလျင်သည် လူသားတို့အား ကြောက်ရွံ့တုန်လှုပ်စေသော်လည်း ကမ္ဘာကြီး၏ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်သည်။ ကမ္ဘာမြေရှိ လူသားတို့အား တန်ပြန်ဒဏ်ခတ်သကဲ့သို့ပင် ဖြစ်လေတော့၏။

**ယနေ့ခေတ်တွင် သိပ္ပံပညာများကြောင့် ငလျင်လက္ခဏာများကို ခန့်မှန်းလာနိုင်သော်လည်း တကယ်တမ်းဖြစ်ပွားမည့်အချိန်နှင့် အနေအထားကိုမူ တိတိကျကျ ခန့်မှန်းနိုင်ခြင်း မရှိသေးပါ။ ပညာရှင်တို့၏ ကြိုးပမ်းမှုများကြောင့် ငလျင်ကြိုတင်သတိပေးစနစ်များ တည်ဆောက်နိုင်ခဲ့သော်လည်း ငလျင်၏ တကယ့်လျှို့ဝှက်မှုကို အပြည့်အဝ သိရှိနိုင်ခြင်းမရှိသေးပါ။**

ငလျင်သည် သဘာဝ၏ လျှို့ဝှက်သော သီချင်းတစ်ပုဒ်ဖြစ်ပြီး တည်ငြိမ်အေးစက်မှုနှင့် လှုပ်ရှားမှုတို့ ပေါင်းစပ်ထားသည့် အနုပညာတစ်ခုဖြစ်သည်ဟု အချို့ကဆိုကြပါသေးသည်။

### အရေးပေါ်တုံ့ပြန်မှုနှင့် စုပေါင်းအားထုတ်မှု

**"ခေါင်းဆောင်ကောင်း"** ဆိုသည်မှာ အမှောင်ထုခရီးလမ်းထဲက မီးအိမ်ဖြစ်၏။ လမ်းပြပေးရုံသာမက ခရီးတစ်လျှောက် ခရီးသွားတိုင်း၏ နှလုံးသားကိုပါ နွေးထွေးစွာ အလင်းဖြည့်ပေးသူလည်း ဖြစ်သည်။ မျှော်လင့်ချက်များကို ပြန်လည်၍ မီးထွန်းညှိပေးသူများလည်းဖြစ်သည်။ အောင်မြင်မှုဆိုသည့် ပန်းချီကားကို ပြည်သူတို့၏လက်နှင့် ရေးဆွဲခိုင်းသူမဟုတ် သူတို့ကိုယ်တိုင် စုတ်တံများကိုင်၍ အတူတူခြယ်မှုန်းပေးသူလည်း ဖြစ်ပါသည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် နာရီပိုင်းအတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများသို့ နိုင်ငံတော်အကြီးအကဲ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်စေခဲ့သည်။ ပစ္စည်းကိရိယာ စုံစုံလင်လင်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဂရုပြုဆောင်ရွက်သွားနိုင်ရေးနှင့် ပြည်တွင်း ပြည်ပ အကူအညီများ ပေးအပ်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

ပြည်တွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် သာမန်ပြည်သူများပါ မိမိတို့စွမ်းအားရှိသမျှ ပါဝင်ကူညီခဲ့ကြသည်။ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိခဲ့ကြသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကူညီမှု၊ ကျွမ်းကျင်မှုနှင့် ပစ္စည်း၊ ငွေကြေး၊ အထောက်အပံ့များသည် ဤပြင်းထန်သော စိန်ခေါ်မှုကို ရင်ဆိုင်ရာတွင် အလွန်အရေးပါသော အားဖြည့်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းစတင်နိုင်ခဲ့သည်။ ဦးစီးဆောင်ရွက်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများက ပြိုကျနေသော အဆောက်အအုံများအောက်မှ အသက်ရှင်သူများကို ဦးစားပေးရှာဖွေကယ်ဆယ်ရန် နေ့နေ့ညည မနားမနေ ကြိုးစားခဲ့ကြသည်။ ကယ်ဆယ်ရေး၊ ပျက်စီးမှုများ စစ်ဆေးရေး၊ ဒုက္ခသည်များ ယာယီထားရှိရေး၊ အစားအသောက်နှင့်ရေရရှိရေး၊ ကျန်းမာရေးဝန်ဆောင်မှုများပေးရေး စသည့်လုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

### ခိုင်မာသော စိတ်ဓာတ်

ငလျင်သည် မြေကြီးကို ကွဲအက်စေနိုင်သော်လည်း လူသားတို့၏ စည်းလုံးမှုကိုမူ မချိုးနှိမ်နိုင်ခဲ့ပေ။ ငလျင်သည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာတို့ကို ပြိုလဲနိုင်စေခဲ့သော်လည်း ကျွန်ုပ်တို့၏ စိတ်ဓာတ်များကိုမူ မချိုးနှိမ်နိုင်ခဲ့။ ဤဘေးဒုက္ခသည် ကျွန်ုပ်တို့အား ပြန်လည်ထူထောင်ရန်၊ ရှင်သန်ရန်၊ ပိုမိုခိုင်မာစွာ ပူးပေါင်းရပ်တည်ရန် သင်ခန်းစာပေးခဲ့သည်ဟု ယုံကြည်မိသည်။

စာမျက်နှာ ၇ သို့ ○

❛လူသားတို့၏ လောဘကား အရာရာကို မရောင့်ရဲ၊ မတင်းတိမ်နိုင်။ ကမ္ဘာမြေကို လက်တစ်ဆုံးနှိုက်ကြ၏။ လောင်စာစွမ်းအင်မျိုးစုံ၊ ဓာတ်သတ္တုမျိုးစုံတို့ကို ကမ္ဘာမြေမှ တူးဖော်လေ၏။ စက်ယန္တရားအစွမ်းဖြင့် ကမ္ဘာမြေကို အသူတစ်ရာနက်အောင်တူး၏။ ကုန်းကို ဖဲ့၏။ တောင်ကိုဖြို၏။ ကျောက်ဆောင်ကျောက်သားကို ဖောက်ထွင်းလေ၏။ ကမ္ဘာမြေကား လူသားတို့လက်၌ ပျက်စီးလေတော့သည်။ ထိုအခါ ကမ္ဘာမြေသည် ကျုံလေ၏။ ကုန်းသည်လည်း စောင်း၏။ တောင်သည်လည်း ပြိုလေ၏။ ကျောက်ဆောင်ကျောက်သားတို့ကလည်း အပူငွေ့ကို အထိန်းအကွပ်မဲ့ ထုတ်လွှတ်လေတော့၏❜

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

○ စာမျက်နှာ ၆ မှ

**❛ယနေ့ခေတ်တွင် သိပ္ပံပညာများကြောင့် ငလျင်လက္ခဏာများကို ခန့်မှန်းလာနိုင်သော်လည်း တကယ်တမ်းဖြစ်ပွားမည့်အချိန်နှင့် အနေအထားကိုမူ တိတိကျကျခန့်မှန်းနိုင်ခြင်း မရှိသေးပါ။ ပညာရှင်တို့၏ ကြိုးပမ်းမှုများကြောင့် ငလျင်ကြိုတင်သတိပေးစနစ်များ တည်ဆောက်နိုင်ခဲ့သော်လည်း ငလျင်၏ တကယ့်လျှို့ဝှက်မှုကို အပြည့်အဝ သိရှိနိုင်ခြင်းမရှိသေးပါ❜**

ဤသို့သော ငလျင်တို့သည် မိနစ်ပိုင်းအတွင်း ပျက်စီးမှုများကို ဖြစ်ပေါ်စေသော်လည်း ပြန်လည်တည်ဆောက်ရေးအတွက် လပေါင်းများစွာ နှစ်ချီ၍ပင် ကြာမြင့်တတ်သည်။ ခရီးရှည်ကြီးတစ်ခုပင် ဖြစ်သည်။ ဤနေရာတွင် ကြီးမားသော ငလျင်ကြီးများ ကြုံတွေ့ခဲ့ရသော ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် **“ဂျပန်နိုင်ငံ”**ကို ဥပမာပြုရပေမည်။

**ဂျပန်ငလျင်နှင့် ပြန်လည်ထူထောင်ရေးကာလများ**

ဂျပန်နိုင်ငံသည် ငလျင်အများဆုံး ကြုံတွေ့ရသော နိုင်ငံတစ်ခုဖြစ်ပြီး ကြီးမားသည့် ငလျင်များ (Earthquakes )နှင့် ဆူနာမီ (Tsunami)တို့ကြောင့် အကြီးစားပျက်စီးမှုများကို မကြာခဏ ရင်ဆိုင်ရပါသည်။

ဂျပန်နိုင်ငံ၏ အဆောက်အအုံများသည် တည်ဆောက်မှုစံနှုန်း မြင့်မားသောကြောင့် ငလျင်ဒဏ်အား ကောင်းစွာခံနိုင်ရည်ရှိကြသည်။ အရေးပေါ်တုံ့ပြန်မှုစနစ်တွင်လည်း ပြည်သူများ အသုံးပြုနေသော မိုဘိုင်းဖုန်းများသို့ သတိပေးစနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ပေးလျက်ရှိသည်။ ငလျင်သဘာဝဘေးကာကွယ်ရေးအတွက်လည်း ဆောင်ရန်/ရှောင်ရန်များကို ကြိုတင်လေ့ကျင့်ထားပါသည်။

၂၀၂၄ ခုနှစ်တွင် နိုတိုဒေသငလျင် (Noto earthquake)သည် ဂျပန်နိုင်ငံ အစ်ရှိကာဝါဒေသ၌ ရစ်(ချ်)တာစကေး ၇ ဒသမ ၆ အဆင့်ဖြင့် နောက်ဆုံးလှုပ်ခတ်ခဲ့သော မြေငလျင်ဖြစ်သည်။ ထိုငလျင်ကြောင့် ထိုဒေသတွင် အိမ်ခြေရာ၊ထောင်ချီ ပျက်စီး၍ လူဦးရေ ၂၀၀ ကျော် သေဆုံးခဲ့ပါသည်။ ပညာရှင်များက အခြေခံပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တစ်နှစ်မှ သုံးနှစ်ခန့် အချိန်ကြာမြင့်နိုင်ကြောင်း၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပြန်လည်ထူထောင်မည်ဆိုပါက အချိန်ကာလအားဖြင့် ငါးနှစ်ခန့် ကြာမြင့်မည်ဟု ခန့်မှန်းကြပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (Rehabilitation Works)အတွက် ကြာမြင့်ချိန်မှာ ပျက်စီးမှုအဆင့်၊ နေရာဒေသနှင့် အစိုးရ/အဖွဲ့အစည်းများ၏ တုံ့ပြန်မှုအပေါ် မူတည်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတစ်နိုင်ငံပင် လျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဤမျှအချိန်ယူရလျှင် ဖွံ့ဖြိုးရန် အားယူဆဲ ကျွန်ုပ်တို့နိုင်ငံ၏ ထူထောင်ရေးလုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ အချိန်ယူရပါလိမ့်မည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**

ဤနေရာတွင် အလျဉ်းသင့်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အရေးပေါ်တုံ့ပြန်မှု၊ ထူထောင်မှုနှင့် လှူဒါန်းမှုများကို ဖော်ပြလိုပါသည်။ ငလျင်လှုပ်ခတ်စဉ်က စာရေးသူသည် နေပြည်တော် နယ်စပ်ရေးရာဝန်ကြီးဌာန နတလ(ရုံးချုပ်)၌ ရှိနေခဲ့သည်။ ငလျင်လှုပ်ခတ်နေစဉ် ဝန်ထမ်းများအား အန္တရာယ်ကင်းစေရန် သတိပေးရင်း ဦးခေါင်းဒဏ်ရာရခဲ့ပါသည်။ ထိုဒဏ်ရာနှင့်ပင် ငလျင်တုံ့ပြန်ရေး၊ ထူထောင်ရေးလုပ်ငန်းများအပြင် ပေးအပ်သောတာဝန်များကို အားအင်အပြည့်ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်မှာ အမှတ်တရပင်။

ငလျင်လှုပ်ပြီး နာရီပိုင်းအတွင်းမှစတင်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် မိမိဝန်ထမ်းများနှင့် ဆုံးရှုံးခဲ့ရသော မိသားစုဝင်များအတွက် အရေးပေါ်ကိစ္စရပ်များကို အမြန်ဆုံးစီမံခန့်ခွဲပေးနိုင်ခဲ့သည်။ ပြိုကျသည့် ဝန်ထမ်းများနေထိုင်သောတိုက်များရှိရာ မြေပြင်သို့ အမြန်ဆုံးရောက်အောင်သွားခဲ့ကြသည်။ တိုက်ပိ၊ တိုက်ပြိုကျသော မိသားစုများအား ကယ်ထုတ်ရေးလုပ်ငန်းများကို ချက်ချင်းကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကွယ်လွန်သူများ၏မိသားစုဝင်များကို နှစ်သိမ့်အားပေးကူညီသည်။ ဝန်ထမ်းများ စားသောက်ရေး၊ နေထိုင်ရေးအတွက် အရေးပေါ်စီစဉ်ပေးခဲ့သည်။ ဝန်ထမ်းများနှင့်အတူ ထမင်းထုပ်မျှဝေ၍ လက်ရည်တစ်ပြင်တည်း အတူစားခဲ့ကြသည်။ နေ့စဉ်လိုလို မိသားစုဝင်များရှိရာ Camp များ၌ ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဆုံးရှုံးမှုများနှင့် လိုအပ်ချက်များကို အသေးစိတ်မေးမြန်း၍ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

သင်္ကြန်ကာလပြီးလျှင် မိုးကျတော့မည်ဖြစ်သဖြင့် ယာယီဘာရာအဆောက်အအုံများကို အချိန်မဆိုင်းဘဲ အင်ဂျင်နီယာဌာနအား တာဝန်ပေးစတင်ဆောက်လုပ်စေခဲ့သည်။ ပြောင်းရွှေ့နေထိုင်မှု၊ စားသောက်မှု၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ အိမ်သာများ၊ စွန့်ပစ်ပစ္စည်းများအတွက် အမှိုက်ကန်များ စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့် ငလျင်လှုပ်ပြီး နှစ်လအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ အရာထမ်း/ အမှုထမ်းမိသားစုဝင်များအား ပတ္တမြားအိမ်ရာနှင့် ကျောက်စိမ်းအိမ်ရာများတွင် စနစ်တကျ နေရာချထားပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ် မေလကုန်တွင် သန့်ရှင်းသပ်ရပ်သော အမိုးအကာအောက် လုံလုံခြုံခြုံ ရောက်ရှိခဲ့လေပြီ။ ဝန်ထမ်းမိသားစုများအားလုံး၏ စိတ်နှလုံးကို အေးချမ်းစေခဲ့ပါသည်။

ထို့ကြောင့် ငလျင်ကာလအတွင်းမှာပင် ဝန်ကြီးဌာန၏ **“နယ်စပ်ဒေသတွင် လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရမည်/ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရမည်”**ဟူသည့် မူရင်းလုပ်ငန်းတာဝန်များအား လစ်ဟင်းမှုမရှိ ပျော်ရွှင်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မဏ္ဍိုင်ကြီးသုံးရပ်**

၃၀-၅-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့သော **“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်သုံးသပ်ဆွေးနွေးပွဲ”** (Rebuilding Myanmar: post earthquake economic recovery) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက လမ်းပြမြေပုံတစ်ခု အုတ်မြစ်ချပေးခဲ့သည်။ ဆောင်ရွက်သင့်သည့် မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ် ဖြစ်ပါသည်။

ပထမမဏ္ဍိုင်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများနှင့် လူမှုကာကွယ်ရေး (Humanitarian relief and social protection)၊ ဒုတိယမဏ္ဍိုင်မှာ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးပြန်လည်ရှင်သန်ခြင်း (Infrastructure reconstruction and economic revival) နှင့် တတိယမဏ္ဍိုင်အဖြစ် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ (Reform anchored in resilience and inclusivity) စသည်တို့ ဖြစ်ပါသည်။

ပထမမဏ္ဍိုင်နှင့်ပတ်သက်၍ ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဒုတိယမဏ္ဍိုင်နှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင် ပြန်လည်တည်ဆောက်နိုင်ရေး လမ်းညွှန်ခဲ့ပါသည်။

ယခုဆိုလျှင် ငလျင်ဖြစ်ရပ်ဆိုး ဖြစ်ခဲ့သည်မှာ ခုနစ်လတာကာလခရီး ရောက်ခဲ့ပါပြီ။ နိုင်ငံတော်သည် မိုးကာလအတွင်းမှာပင် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ရပ်တန့်မနေခဲ့။ တာဝန်ရှိသူများကလည်း ငလျင်ဒဏ်ခံရသောဒေသများသို့ အကြိမ်ကြိမ်ရောက်ခဲ့သည်။ ထိုခရီးတွင် ပျက်စီးနေသောလမ်းများ၊ တံတားများကို ပြန်လည်ဖောက်လုပ်မွမ်းမံပြီး လိုအပ်သည့် ကိစ္စရပ်မှန်သမျှ ဖြည့်ဆည်းပေးခဲ့သည်။ ပြိုလဲသွားသော နေအိမ်နေရာများတွင် အခန်းများ ပြန်လည်ထူထောင်နေကြသည်ကို တွေ့မြင်နေရသည်။ စီးပွားရေးလုပ်ငန်းများပြန်လည် လည်ပတ်နေပေပြီ။ စာသင်ကျောင်းများကိုလည်း ပြန်လည်ပြုပြင်ပြီးဖြစ်သဖြင့် ကလေးငယ်များ၏ ရယ်မောသံများ၊ စာအံသံများ ပြန်လည်ကြားနေရပေပြီ။

ယခု အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆိုသည်မှာ မိုးနှောင်းကာလ၏ လန်းဆန်းမှုနှင့် ဆောင်းကြိုကာလ၏ အေးမြမှုတို့ ရောယှက်ခံစားရသည့် ပွင့်လင်းရာသီပင်ဖြစ်သည်။ ပွင့်လင်းရာသီတွင် ထူထောင်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးနှင့် ပြန်လည်ရှင်သန်ရေးလုပ်ငန်းများကို ပို၍လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ပေတော့မည်။

**ချစ်သောကမ္ဘာမြေ**

**ကမ္ဘာဦးကာလမှစ၍ ကမ္ဘာမြေပေါ်တွင် လူသားတို့ နေထိုင်ခဲ့ကြ၏။ ခေတ်အဆက်ဆက် ကျွန်ုပ်တို့၏ စားစရာအတွက် ကမ္ဘာမြေကို ထွန်ယက်စိုက်ပျိုးခဲ့၏။ နေစရာအတွက် ကမ္ဘာမြေကို ခုတ်ထွင်ရှင်းလင်းခဲ့၏။ ဝတ်စရာအတွက်လည်း ကမ္ဘာမြေကို အသုံးပြုခဲ့၏။ ကျန်းမာရေးအတွက် ဆေးဝါးခတ်စာဖြစ်သော ကမ္ဘာမြေမှ သစ်ဥသစ်ဖုများကို တူးဆွခဲ့ကြ၏။ တိရစ္ဆာန်များသည်လည်း ကမ္ဘာမြေကို အမှီပြုကာ နေထိုင်ကြ၏။ ကမ္ဘာမြေကား ကျွန်ုပ်တို့ကို ပေးမြဲပေးလျက်၊ ကျွေးမြဲ ကျွေးလျက်ရှိချေ၏။ အပြုံးမပျက်ခဲ့။ ထို့ကြောင့် ကမ္ဘာမြေကြီးကို မပျက်စီးစေရန်၊ ထိန်းသိမ်းရန် လူသားအားလုံး၌ တာဝန်ရှိပါသည်။**

ကမ္ဘာမြေကြီးနှင့် လူသားဘဝတို့သည် ထာဝရဖြစ်တည်နေပါလိမ့်မည်။ ငလျင်ဆိုသည်မှာကား တဒင်္ဂမျှသာလျှင်ဖြစ်ပေ၏။ ထာဝရဆိုသော်လည်း တည်တံ့ခိုင်မြဲခြင်းနှင့် မပြောင်းလဲခြင်းကို ဆိုလိုသည်မဟုတ်။ ထာဝရသည် ပြောင်းလဲနေခြင်းနှင့် တကယ့်တည်တံ့မှုတို့၏ ပေါင်းစပ်မှုတစ်ခု ဖြစ်ပါသည်။

**ရွှေရောင်အနာဂတ်**

မန္တလေးငလျင်ကြီးက ဝမ်းနည်းခြင်း၊ ဆုံးရှုံးခြင်းများ ယူဆောင်လာသည်မှာ အမှန်ပင်။ သို့သော် ပြည်သူအားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုနှင့် နိုင်ငံတော်၏ မေတ္တာ၊ စေတနာ၊ ကရုဏာတရားတို့ ပိုမိုတောက်ပြောင်စေသည့် အဖြစ်အပျက်မှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်လေသည်။

**လှုပ်ရှားမှုတိုင်းတွင် လူသားတို့၏ အရှုံးမပေးသော စိတ်ဓာတ်၊ စုပေါင်းညီညွတ်မှု၏ အင်အားနှင့် မျှော်လင့်ချက်အလင်းရောင်တို့က ထင်ဟပ်နေပါသည်။ ဤသည်မှာ မည်သို့ပင် ကြီးမားသော ဘေးဒုက္ခနှင့် ကြုံတွေ့ပါစေ လူသားတို့သည် ပြန်လည်ထကြွ ရှင်သန်နိုင်စွမ်းရှိကြောင်း ထင်ရှားသည့် သက်သေပင်ဖြစ်ပါသည်။ ပြိုလဲသွားသော အုတ်တစ်ချပ်ချင်းစီကို ပြန်လည်တည့်မတ်နေကြသော လက်များသည် နိုင်ငံချစ်စိတ် အခြေခံသော ပြည်သူတို့၏ ဇွဲ၊ ဝီရိယနှင့် နိုင်ငံတော်၏ မေတ္တာတို့ဖြင့် ပြည့်နှက်နေပါသည်။**

ပြန်လည်တည်ဆောက်ရေး ခရီးလမ်းသည် ရှည်လျားဦးမည်ဖြစ်သော်လည်း ယခု ခုနစ်လအတွင်း ရရှိခဲ့သည့် တိုးတက်မှုများမှသည် အနာဂတ်အတွက် ယုံကြည်ချက်နှင့် မျှော်လင့်ချက်အစစ်များကို ပေးစွမ်းနိုင်ခဲ့ပါသည်။ ပိုမိုရှင်သန်လှပသော ရွှေရောင်အနာဂတ်ကို ပိုင်ဆိုင်ကြရမည်မှာ မလွဲကေန်ဖြစ်မည်ဟု ယုံကြည်မိပါတော့သည်။ ။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၃၀

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာ သင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် ညပိုင်း ဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီး လှုပ်စိနှင့် ဒုံးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့်နာမည်ကြီး အဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီပါဝလီ မဟာလက်ချ်မီးမယ်တော်ပူဇော်ပွဲနှင့် ဆီမီးထွန်းပွဲတော်ကျင်းပ




ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ ပူးပေါင်းမှုဖြင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ဒီပါဝလီ မဟာလက်ချ်မီးမယ်တော် ပူဇော်ပွဲနှင့် ဆီမီးထွန်းပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ပညာရေးကော်မတီဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်ဘူတာရုံလမ်း အမှတ်-၂၉/၃၁ ရှိ မဟာလက်ချ်မီးမယ်တော်ဘုရားကျောင်းဝင်းအတွင်းရှိ ဗောဓိညောင်ပင်တွင် စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား ဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ မြဝတီမီဒီယာစင်တာ၌ ဆီမီးထွန်းပွဲတော်အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးယာယီတာဝန်ခံ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက၊ ပညာရေးကော်မတီဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)တို့က ဒီပါဝလီ မဟာလက်ချ်မီးမယ်တော်ပူဇော်ပွဲနှင့် ဆီမီးထွန်းပွဲတော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ မင်္ဂလာဆီမီးတိုင်ကို ထွန်းညှိပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက H.E. Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက၊ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မြင့်တို့က အမှာစကားပြောကြားကြပြီး ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ Mr. Naresh Kumarက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယသံရုံးက မြန်မာ-ဟိန္ဒူရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို) အဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ဖွား ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာ-တရုတ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါနှလုံးရောဂါလူနာ ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေးလူနာများအား ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ ခေါ်ဆောင်ကုသပေးသွားမည်



ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး ကလေးအထူးကုဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဖူးဝေဆေးရုံ Chinese Academy of Medical Science တို့ပူးပေါင်းပြီး နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက မွေးရာပါ နှလုံးရောဂါလူနာကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့က ရန်ကင်းကလေးဆေးရုံကြီး၌ ဆောင်ရွက်သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နှစ်နိုင်ငံ နှလုံးရောဂါကုဆရာဝန်များက ဆေးရုံသို့ လာရောက် ဆေးကုသသည့် မွေးရာပါနှလုံးရောဂါလူနာ ကလေးငယ် ၂၈ ဦးအား ကျန်းမာရေးစစ်ဆေး ဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် ကလေးလူနာများကို ယူနန်ပြည်နယ်ရှိ ဖူးဝေဆေးရုံသို့ အခမဲ့ ခေါ်ဆောင် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံချစ်ကြည်ရေး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာနမှ ထောက်ပံ့လှူဒါန်းပြီး Kunming Yundi Behavior and Health Research Center(China) နှင့် မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်း၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အောက်တိုဘာ ၂၅ ရက်ကလည်း ရန်ကင်းကလေးဆေးရုံကြီး၌ ဆေးကုသနေသည့် အသက်ခြောက်လမှ ကိုးနှစ်အရွယ် မွေးရာပါ နှလုံးရောဂါ လူနာကလေးငယ် တစ်ဦးချင်းစီအတွက် သုံးလစာ အာဟာရ ဖြည့်စွက်စာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**



# သုံးခွမြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သင်တန်းပြုလုပ်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ဓာတုဓာတ်ကြွင်းကင်းစင်သော ပဲတီစိမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သင်တန်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက လေးကျွန်းမာရ်အောင်စေတီတော်ဝင်းအတွင်းရှိ ဇမ္ဗူဒီပ ဓမ္မဗိမာန်တော်၌ ပြုလုပ်သည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်လင်းဟန်က အမှာစကားပြောကြားပြီး GAP စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ဦးစည်သူထွန်းက ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ကုမ္ပဏီများကိုယ်စား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များက GAP စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ မြေဆီလွှာစီမံခန့်ခွဲခြင်းနည်းစနစ်များကို သင်တန်းပို့ချသည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာပို့ချခဲ့ပြီး သုံးခွမြို့နယ် အတွင်းရှိ ကျေးရွာ ၃၁ ရွာမှ တောင်သူ ၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

❂ **ကျောဖုံးမှ**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃ တန်၊ 4 Angle 0.33 mm အမိုး သွပ်ပြားချပ် ၄၉၀၀၀ (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်) နှင့် ဘိလပ်မြေအိတ် ၁၉၄၆၀ (တန်ချိန် ၉၇၃ တန်) တို့အား ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၈ ရက်**

**သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၃၀**

ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ရွေးကောက်ပွဲအရာရှိများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းများ ဆောင်ရွက်ရာတွင် အမှားအယွင်းမရှိစေရေး ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့် ဆုံးရှုံးမှုမရှိစေရေး တာဝန်ရှိသူအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကာလတစ်လျှောက်လုံး လုံခြုံရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြမည့် ဝန်ထမ်းများအနေဖြင့်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိက ပြည်နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် မဲရုံများ လျာထားမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ တက်ရောက်လာသူများနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ မြို့နာမ်ရွှေစေတီတော်၊ နောင်ယားကန်သာနှင့် ထေးသမ (လေ့ကျင့်ရေးအလယ်တန်းကျောင်း)တို့သို့ သွားရောက်၍ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ပြည်နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌက မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ မျက်စိဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ နန္ဒာအောင်က မျက်စိရောဂါအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။



ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးမောင်နှင့် တာဝန်ရှိသူများက မျက်စိရောဂါလူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၃၀**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။



**အမှာစကား ပြောကြား**

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ငြိမ်းချမ်းက အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Power Point ဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်မြို့နယ် မြို့မိမြို့ဖအဖွဲ့များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက အာဆီယံဆေးလိပ်ငွေ့ ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုသိမ်မြို့တွင် အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းဆင်းပွဲကျင်းပ




**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အားကစားနှင့်ကာယပညာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)တွင် ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ အမျိုးသားU-12 မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသားမီတာ(၅၀) ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသားမီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသားမီတာ(၅၀)လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသားမီတာ(၅၀)အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသားဒိုင်ဗင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ နည်းပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အမျိုးသမီးမီတာ(၅၀)လက်ပစ်ကူးပြိုင်ပွဲ၊ အမျိုးသမီးမီတာ(၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသမီးမီတာ(၅၀)လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသမီးမီတာ(၅၀) အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသမီးဒိုင်ဗင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားများ၏ ရေကူးနှင့် ဒိုင်ဗင်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် သင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာ (၂၀၂၆ - ၂၀၃၀) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းပြုလုပ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ မဟာဗျူဟာ(၂၀၂၆-၂၀၃၀) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Inya lake Hotel ၌ ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိသော အဖွဲ့အစည်းဖြစ်လာစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှု၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် လိုက်လျောညီထွေ ပြောင်းလဲနိုင်မှုတို့သည် အရေးကြီးပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်အတွက် ရည်မှန်းချက်မှာ ယုံကြည်အားထားရသော၊ တာဝန်ယူမှုရှိသော၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ပြီး လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နိုင်သော၊ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်စွမ်းရှိသော၊ ရပ်ရွာလူထုကို ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားစေရန် တည်ဆောက်ပေးသော အဖွဲ့အစည်းဖြစ်လာစေရန် ရည်မှန်းထားပါကြောင်း၊ တက်ရောက်လာသူများ၏ အကြံဉာဏ်များ၊ အတွေ့အကြုံများနှင့် စိတ်ကူးစိတ်သန်းများသည် ရပ်ရွာလူထု၏ လိုအပ်ချက်နှင့် ကြက်ခြေနီလှုပ်ရှားမှု၏ တန်ဖိုးများကို အမှန်တကယ် ထင်ဟပ်စေမည့် မဟာဗျူဟာကို ရေးဆွဲရာတွင် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia Khoury က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်တင်လေး၊ အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူး ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းနှင့် ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တာ ပြုလုပ်ခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မန်ကျည်းအင်းကျေးရွာ ရွာတွင်းလမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန့်ဘလူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းနှင့် ဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ မန်ကျည်းအင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၅၀၀၊အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ ဂျင်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၁ သန်းဖြင့် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**



# ဒေးဒရဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး နှိုးဆော်သတိပေး

**ဒေးဒရဲ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်နှိုးဆော်သတိပေးဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူး ဦးကျော်ဇေလင်း ဦးဆောင်ကာ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ဒေးဒရဲမြို့နယ်အတွင်းမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ နေအိမ်တိုင်းတွင် ရေလုံလောက်စွာထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ရေပုံး၊ သဲအိတ်များထားရှိရေး၊ ထမင်း၊ ဟင်းချက်ပြုတ်ရာတွင် ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ပါက နေအိမ်အပေါ်ထပ်များတွင် ချက်ပြုတ်ခြင်း မပြုကြရန် သတိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း ဦးစီး၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစိုးသက်ဦးနှင့်အဖွဲ့၊ မြို့နယ်လျှပ်စစ်ရုံးမှ ဦးငွေစိုးနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးကျော်စိုးမိုးနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ဝင်းထွန်းနှင့်အဖွဲ့တို့ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်စဉ်။

နိုးတူး(ကျောက်တန်း)



# အင်္ဂပူမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးသတိမူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**အင်္ဂပူ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး "မီးသတိမူရေး" အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းကို ယမန်နေ့ နံနက်ပိုင်းက အင်္ဂပူမြို့ လူစည်ကားရာလမ်းဆုံများတွင် ပြုလုပ်သည်။

အဆိုပါ "မီးသတိမူရေး"အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို အင်္ဂပူ မြို့မဈေးရှေ့နှင့် ဆိပ်ကမ်းသာလမ်းဆုံ၊ပညာရေးမှူးရုံးလမ်းဆုံတို့တွင် စိုက်ထူခဲ့ပြီး ဆိုင်းဘုတ်အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းတို့က အမွေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါမီးသတိမူရေးအသိပညာပေးဆိုင်းဘုတ်စိုက်ထူရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ ပရောဂျက်ပြပွဲနှင့် အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

Project Show (2025) & Job Fair ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(မှော်ဘီ)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ Project Show (2025) & Job Fair ဖွင့်ပွဲ အခမ်းအနားကို နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်နှင့် တာဝန်ရှိသူ များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ် များ၏ ဘဝအတွက် အလွန်တန်ဖိုးရှိပြီး လုပ်ငန်းရှင် များအတွက်လည်း ဝန်ထမ်းကောင်း၊ ဝန်ထမ်းသစ် များနှင့် တွေ့ဆုံနိုင်မည့် Public – Private – Partnership PPP Model ကောင်း တစ်ခုဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်း အနား ဖြစ်မြောက်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က လက်ခံရယူ သည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က ပြပွဲ၊ ပြိုင်ပွဲ များအကြောင်းကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ကျောင်းသား ကျောင်းသူများ ၏ Project များအား လှည့်လည်ကြည့်ရှု အားပေး သည်။

အဆိုပါ Project Show (2025) & Job Fair အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်း ပွဲ တောင်သူများသို့ နေကြာမျိုးစေ့များ၊ Drum Seeder များ ဖြန့်ဖြူးပေးအပ်ခြင်းနှင့် သစ်စိမ်း မြေဩဇာ ကြဲပက်စိုက်ပျိုးပွဲ အခမ်းအနားကို ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရင်းတိုက်ကွင်း(၂) တောင်သူ ဦးဝင်းကြိုင်၏လယ်တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများအား Drum Seeder များနှင့် နေကြာမျိုးစေ့များကို ပေးအပ် ကြပြီးပြသထားသည့် စပါးမျိုးစေ့နမူနာများ၊ Drum Seeder များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အနိမ့်တင် ဆိုလာနှစ်ချပ်တွဲ ရေတင်စက်များနှင့် ကောက်စိုက် စက်များ၊ ဓာတ်မြေဩဇာများ၊ မိုးစပါးစံကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် ရိတ်သိမ်း ပြီး လယ်ကွက်အတွင်း စက်မှုလယ်ယာဦးစီးဌာနက ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးများ ဆောင်ရွက် နေမှုများ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက် စိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးရေးသုံး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူ ဦးဝင်းကြိုင်၏လယ်ကို ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်း အခြောက်ထွက်နှုန်း ၉၇ ဒသမ ၄၉ တင်း ထွက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)




# မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံ၌ လူငယ်စကားဝိုင်းကျင်းပ

မြဝတီ အောက်တိုဘာ ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) အောင်မြေရွှေဘုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က အဖွင့်အမှာစကား ပြောကြား ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြဝတီမြို့ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူ က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြ သည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေး နံရံကပ်၊ စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရ သည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၃၀

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈) ကြိမ် မြောက် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူ ငွေများ ဆက်လက်လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း) နှင့်ဇနီး သီရိပျံချီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့(မလေး- မုံရွာ)မိသားစုနှင့် ဦးကျော်ညွှန့်ရည် - ဒေါ်ဝါဝါကျော် (ကျော်ညွှန့်ရည် စာပေ) တို့က အလှူငွေကျပ် ဆယ်သိန်းစီ၊ စာရေးဆရာ မြင့်စိုး(နတလ) က ငွေကျပ် ခုနစ်သိန်း၊ သာကေတမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ် သုံးသိန်း၊ ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်း- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစု၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ်(လာဘ်မိုးဆွေ စာပေတိုက်)နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်း တို့က ငွေကျပ်နှစ်သိန်းစီ၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ထပ်မံလှူဒါန်းငွေကျပ် ၁၂၀၀၀၀၊ ဗိုလ်ချုပ်စိန်ထွား (ငြိမ်း) (ညိုထွေး)၊ ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း (ငြိမ်း) (ကျော်စောဟန်)၊ သူရဇော်-(ခင်- တိုင်းရင်းမေ)၊ စာရေးဆရာ တင့်တယ်မိသားစု။

ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစောငွေ(မောင်ငွေအိုး)၊ ရေနံ့သာဝင်းမောင်၊ စာရေးဆရာ ရာမညမင်းသက်နိုင်၊ အမျိုးသား စာပေဆုရ ရွှေဒါးမောင်မြင့်ထွန်း၊ ဦးသာစိန်(ကပ္ပတိန်သာစိန်)၊ စာရေး ဆရာမ မေဇပေရယ်မိုး၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေး အဖွဲ့၊ သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်း၊ မင်္ဂလာဒုံမြို့နယ်စာရေး ဆရာအသင်း၊ ကြည့်မြင်တိုင်မြို့နယ်စာရေးဆရာအသင်း၊ ပုသိမ်မြို့နယ် စာရေးဆရာအသင်းနှင့် ကော့မှူးမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဝင်းနိုင် (မင်းဆက်ပိုင်)၊ ဦးဗညွှန့်(ကျွန်းစဉ် မြေစောခက်)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်းနှင့် တိုက်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးမောင်ကျော့ (မောင်မောင်ကျော့-ပလက်ဝ)က ငွေကျပ် လေးသောင်း၊ ဆရာမောင်ခေတ်ထွန်း- ဒေါ်မြင့်မြင့်ရီ(ဒေါ်လေးမြင့်မြင့်ရီ)၊ သဋ္ဌာလှိုင် (လားရှိုး)နှင့် ပေါင်းတည်မြို့နယ်စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်း စီ၊ ဒေါ်တင်သိန်းလှ(တက္ကသိုလ်ပွင့်လန်း)၊ သာပေါင်းမြို့နယ် စာရေး ဆရာအသင်းနှင့် သန်လျင်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် နှစ်သောင်းစီ၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးစိုးဝင်း(တက္ကသိုလ် စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်)မိသားစုက ငွေကျပ်၂၉ သိန်းတန်ဖိုး ရှိစာအုပ်များ၊ စာရေးဆရာမ ပွင့်(ရန်ကုန်)က ငွေကျပ် ခုနစ်သိန်း တန်ဖိုးရှိ စာအုပ်များနှင့် ချင်းဗုဒ္ဓသာသနပါလကအဖွဲ့(ဗဟို)က ငွေကျပ် ၄၀၅၀၀၀ တန်ဖိုးရှိစာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)နှင့် အတွင်းရေးမှူး ဦးညွှန့်တင် (မောင်ငြိမ်း သူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။


အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ -၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# ပေါင်းတည်မြို့နယ်၌ ပြည်သူများအား ဆေးလိပ်အန္တရာယ် အကာအကွယ်ပေးနိုင်ရေး စီမံဆောင်ရွက်

ပေါင်းတည် အောက်တိုဘာ ၃၀



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်သူများအား ဆေးလိပ်အန္တရာယ် အကာအကွယ်ပေးနိုင်ရေးအတွက် ဆေးလိပ် သောက်ခွင့်ရှိသော သီးသန့်နေရာများ စီမံထားရှိဆောင်ရွက်ခြင်း ကိစ္စရပ်များကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယမန်နေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ထိုဆောင်ရွက်မှုအား အောက်တိုဘာ ၂၄ ရက်မှစတင်၍ ပေါင်းတည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ဌာန ဆိုင်ရာများအားဖိတ်ကြား၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းချစ်တို့ ဦးဆောင်၍ အသိပညာပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် ဌာနဆိုင်ရာရုံးများရှိ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများတွင် အသိ ပေးစာစောင်များ ကပ်ထားခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများ သတ်မှတ် ထားရှိရန်လုပ်ငန်းများကိုလည်း မြို့နယ်စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့၏ဦးဆောင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့် အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ အခြေခံစစ်ပညာသင်တန်းနှင့်



တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ သင်တန်း ဆင်းပေးနိုင်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူး တပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံ သင်တန်းကျောင်း ခန်းမများ၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၈၈ ဦးတို့ကို သင်တန်းကာလ ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာ ဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်း လက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတ ရရှိစေရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

သီပေါမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ အခြေခံပညာကျောင်း ရှစ်ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း အခြေခံပညာကျောင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၈၃ ဦး ထပ်မံ



လာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၇၁ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အခြေခံပညာမူလတန်းကျောင်း(စံဖိတ်)၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၂ ဦးနှင့် အတွင်းလူနာ နှစ်ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် သူနာပြုသင်တန်းကျောင်းတွင် အောက်တိုဘာ ၂၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေး သင်ခန်းစာပို့ချခြင်း၊ လက်တွေ့ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

ချမ်းသာ(မိတ္ထီလာ)

# လွိုင်လင်မြို့၌ မိုးစပါး(လယ်)စံကွက်ရိတ်သိမ်း

**လွိုင်လင် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ၂၀၂၅ ခုနှစ် မိုးစပါး (လယ်) စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက တောင်သူ ဦးတေဇ၏ ကွင်းအမှတ် (၆၂) ဦးပိုင်အမှတ်(၂၈) တွင်ပြုလုပ်သည်။

စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ ဦးတေဇ၏လယ် ဧရိယာ ၂ ဒသမ ၇၉ ဧကတွင် DU –12 (ညှော်မထအထွက်ကောင်းမျိုး) စိုက်ပျိုးထားပြီး တစ်ဧကအထွက်နှုန်းမှာ အခြောက်ထွက် ၈၉ ဒသမ ၁၃ တင်း ဖြစ်ကြောင်း သိရသည်။

လွိုင်လင်မိုး



နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့

# ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်လှစ်




နေပြည်တော် အောက်တိုဘာ ၃၀

ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရှမ်းတောင်ဇုန်)၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များစွာ ရှိသည့်အနက် မြန်မာ့ရိုးရာသိုင်းပညာသည် အလွန်အရေးပါသည့် အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာရပ်ကို လေ့လာသင်ယူခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရုံသာမက စည်းကမ်းပြည့်ဝမှု၊ အတွေးအခေါ်နှင့်ယုံကြည်မှု၊ သစ္စာစောင့်သိမှု၊ အပြန်အလှန်လေးစားမှု၊ စိတ်ဓာတ်တည်ကြည်မှုတို့ရရှိစေနိုင်ကြောင်း၊ သင်တန်းမှ သင်ခန်းစာများကို ကြိုးစားလေ့လာကြပြီး လူမှုအသိုက်အဝန်း ပတ်ဝန်းကျင်ကို စောင့်ရှောက်နိုင်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ချမှတ်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ခရီးစဉ်ဒေသဖော်ထုတ်ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်ကြားပြသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းနှင့် ပြန်ကြားရေးကောင်တာ၌ ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားမှုနှင့် ညောင်ရွှေမြို့ရှိ လျှောက်ဒဏ်သင့် ဟိုတယ်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာ ၂၈ ရက်က ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မိုင်းပန်ဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် မိုင်းပန်မြို့အတွင်း ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ မေတ္တာလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး မိုင်းပန်မြို့ ဗုဒ္ဓဂယာ ကုန်းပင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

**သတင်းစဉ်**



## ကျောင်းကုန်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကျောင်းကုန်း အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ၂၀၂၅–၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၁၁၈၀၁၆ ဧက စိုက်ပျိုးခဲ့ရာ ယမန်နေ့နံနက်ပိုင်းတွင် ကောက်ကြီးကုန်းကျေးရွာအုပ်စု တောင်သူ ဦးနေထက်အောင်၏ လယ်မြေ ငါးဧက၌ စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီမှ ဦးကိုကိုဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ငွေး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုင်းရိုန်းလင်းထွန်း၊ မြို့နယ်စိုက်/တိုး/မြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်သူများတက်ရောက်ခဲ့ကြပြီး အောင်နိုင်တိုးစပါးမျိုးကွဲအား(ကောင်း) ကိုယ်စားပြုစံကွက် တစ်ဧကပျမ်းမျှအထွက်တင်း အစို ၁၂၃ ဒသမ ၆၁ တင်း၊ အခြောက် ၁၁၁ ဒသမ ၂၅ တင်း၊ (သင့်)ကိုယ်စားပြုစံကွက် တစ်ဧကပျမ်းမျှအထွက်တင်း အစို ၁၁၄ ဒသမ ၂၆ တင်း၊ အခြောက် ၁၀၂ ဒသမ ၈၃ တင်းနှင့် (ညံ့)ကိုယ်စားပြုစံကွက် တစ်ဧကပျမ်းမျှအထွက်တင်း အစို ၉၉ ဒသမ ၆၁ တင်း၊ အခြောက် ၈၉ ဒသမ ၆၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့မှု ကြည့်ရှုစစ်ဆေး



သုံးခွ အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကတုံးပေါ်အလယ်ကျေးရွာ ပစ်တိုင်းထောင် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရေး မိုးစပါးရိတ်သိမ်း ခြွေလှေ့နေမှုကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမှု အခြေအနေများ၊ စပါးဖျက်ပိုး ကျရောက်မှုကို ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အကြောင်းအရာများနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်ရေးနည်းလမ်းများကို တောင်သူများအား ပြောကြားခဲ့သည်။ သုံးခွမြို့နယ်အတွင်း ပဲတီစိမ်း တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် မျိုးရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် မိုးစပါးရိတ်သိမ်းသည့် အသင်းသား ၄၃ ဦး၏ စိုက်ပျိုးဧက ၃၂၀ မှ အသင်းသားတောင်သူများ၏ မှော်ဘီ(၃) မျိုးစပါးရိတ်သိမ်းနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



သာယာဝတီ အောက်တိုဘာ ၃၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းမြတ်စိုး၊ ကြို့ပင်ကောက်မြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်နုနုထွန်းတို့နှင့်အတူ ယမန်နေ့က ကြို့ပင်ကောက်မြို့နယ် နွယ်ခွေရပ်ကွက် – ရှားပင်ထလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး၍ ကျောက်များ အရွယ်အစားမှန်ကန်ရေး၊ အရည်အသွေးပြည့်မီရေး စစ်ဆေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝတီ(သာယာဝတီ)**

## လှိုင်းဘွဲ့မြို့နယ်၌ ဆောင်းမြေပဲစိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု



ဘားအံ အောက်တိုဘာ ၃၀

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သာယာကုန်းကျေးရွာရှိ သာယာကုန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားများ၏ ဆောင်းမြေပဲ စိုက်ပျိုးနေမှုကို ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ဒုတိယပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အသင်းသား တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး မြေပဲစိုက်ပျိုးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စိုက်မွေး(၁)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ လေးထောင့်ကန်ဈေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေမောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မြို့နယ် လျှပ်စစ်အဖွဲ့၊ လေးထောင့်ကန်ဈေးတာဝန်ခံ ဦးအေးကျော်ဦးတို့ ပူးပေါင်းပါဝင်သောအဖွဲ့က အောက်တိုဘာ ၃၀ ရက်တွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်စဉ်။



နေမျိုးအောင်(ဒဂုံတောင်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၂၀၊ နီပေါနိုင်ငံသားနှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၁ ဦးအား ထပ်မံ ထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၉၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၅၉၆ ဦးအား စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပင်လောင်း မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် တို့၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်း ဆေးဝါးများ သိမ်းဆည်း ရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ပင်လောင်းမြို့နယ်၌ တရားခံ ရှိုင်းဗိုလ်(ခ)ငမော့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် ရှိုင်းဗိုလ်(ခ)ငမော့ မောင်းနှင်လာသော DONGFENG မော်တော်ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၇၄ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ကိုး ကီလို၊ အက်တက်စီ ဆေးပြား ၁၀၀၀၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက် ၅၅ x ၅၆ လမ်းကြားနှင့် ၁၄၁ x ၁၄၂ လမ်းကြားတွင် ဇင်ဖြိုးဦး (ခ)ကိုဖြိုးအား NISSAN ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၇၇၅ ဂရမ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို (ဒေသတန်ဖိုးငွေကျပ် ၁၅၄၂ ဒသမ ၅ သိန်း)၊ ဘိန်းဆီခဲ ၇၄ ကီလို (ဒေသတန်ဖိုးငွေကျပ်သိန်း ၁၄၈၀)၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ဒသမ ၇၇၅ ကီလို (ဒေသတန်ဖိုးငွေကျပ်သိန်း ၆၃၃၀)၊ အက်တက်စီဆေးပြား ၁၀၀၀ (ဒေသ တန်ဖိုးငွေကျပ်သိန်း ၄၅၀)၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို (ဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၂၀)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်း (ဒေသတန်ဖိုးငွေကျပ်သိန်း ၅၇၀) စုစုပေါင်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄၉၂၅ ဘီလီယံ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မော်တော်ယာဉ်နှစ်စီး၏ပိုင်ရှင် ရဲစိုးဦး(ခ) ရဲနိုင် (ဖမ်းဆီးရန်ကျန်)သည် မိုင်းရယ်မြို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်း ဆေးဝါးများအား ကရင်ပြည်နယ် ဘားအံမြို့သို့လည်းကောင်း၊ မန္တလေးမြို့သို့လည်းကောင်း၊ ဘုတလင်မြို့နယ်နေ ရာဇာလင်း(ခ) မော်စီ (ဖမ်းဆီးရန်ကျန်)နှင့် ရှိုင်းဗိုလ်(ခ)ငမော့တို့အား သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာဒုံမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မင်္ဂလာဒုံ အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော ဥပဒေများနှင့် သတိပြုလိုက်နာရမည့် အချက်အလက်များကို ရှင်းလင်းဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အောက်တိုဘာ ၂၉ ရက်က မြို့နယ် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

ချင်းကလေး(NRDC)

# မုံရွာမြို့၌ ပိုးသတ်ဆေးကင်းစင်ရေးနည်းလမ်းများ နည်းပညာပေးသင်တန်းဖွင့်လှစ်

မုံရွာ အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးဌာနခွဲကဦးဆောင်၍ စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးကင်းစင်ရေးနည်းလမ်းများ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့က တိုင်းဒေသကြီးမြေ၊ မျိုး၊ ပိုး ရုံးသင်တန်းခန်းမ၌ ပြုလုပ်သည်။

ပြောကြား

ဦးစွာ တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ပြောကြားသည်။

ဆက်လက်ပြီး တောင်သူများထံသို့တမာပိုးသတ်ဆေးများကို တာဝန်ရှိသူများကပေးအပ်သည်။ ယင်းနောက် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာချိုက စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးကင်းစင်ရေးနည်းလမ်းများအကြောင်းကိုသင်တန်းသား သင်တန်းသူများအား အသေးစိတ်ရှင်းလင်းသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တောင်ငူမြို့ မဟာမုနိကေလဇာတီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပွဲကျင်းပ



တောင်ငူ အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မဟာမုနိကေလဇာတီစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲအခမ်းအနားနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်အပ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ပြီး ဆရာတော်အရှင်မြတ်များထံ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ဆက်ကပ်၍ ယာယီစံကျောင်းမှ ပန်းရထားဖြင့် ပင့်ဆောင်မည့် မင်္ဂလာမဏ္ဍပ်သို့ စေတီတော်ကို လက်ယာရစ်တစ်ပတ်ပတ်ပြီး ပင့်ဆောင်သည်။

ထို့နောက် ခုနစ်ရက်သားသမီးအလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင်နေရာယူ၍ ထီးတော်၊ ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပန်းရထားဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ပြီး ဆရာတော်အရှင်မြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကာ နတ်၊ ဗြဟ္မာတို့အား ပြန်လည်ပို့ဆောင်သည်။

### တက်ရောက်

အခမ်းအနားသို့ တောင်ငူခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မင်းသားဟိန်းဝေယံ၊ မင်းသမီး အကယ်ဒမီစိုးပြည့်သဇင်နှင့် ခုနစ်ရက်သားသမီးအလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)



## ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၌ လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကား

ပြည် အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၁၄) နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၂၈ ရက်က စတင်ကျင်းပလျက်ရှိရာ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကာ ပွဲဈေးလာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဗုဒ္ဓပူဇနိယပွဲတော်၌ ပျော်ပွဲရွှင်ပွဲများ၊ ကစားကွင်းများနှင့် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲများပါဝင်ကာ ဒေသထွက်ကုန်ပစ္စည်းနှင့် ရိုးရာအစားအစာများအပါအဝင် ဒေသတွင်းနှင့် အနယ်နယ်အရပ်မှ ရိုးရာအစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ လာရောက်ရောင်းချသည့်ပွဲဈေးဆိုင်တန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ပွဲတော်ကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ၁၀ ရက်တိုင် ကျင်းပမည်ဖြစ်သည်။

ကိုဆက်(ပြန်/ဆက်)

## ညောင်ဦးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

ညောင်ဦး အောက်တိုဘာ ၃၀

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် (၁၇) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။



ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ဝန်ထမ်းများက ပုဂံမြို့ဟောင်းရှိ အာနန္ဒာမြတ်စွာဘုရားကြီး အတွင်းအပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ယင်းနောက် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီး၌ ညောင်ဦးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးလှူဒါန်းရာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖီးကြမ်းငှက်ပျောဖီးများ၊ ကြက်ဥများ၊ အချိုရည်ဘူးများကို ဝန်ထမ်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## ပုလောမြို့၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပုလော အောက်တိုဘာ ၃၀

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုလောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ပုလောမြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-1 မှ Grade-12 အထိ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀၆ ဦး၊ ကျောင်းတက်ရက်မှန်နှင့် ဘာသာရပ်သင်ထူးချွန်ဆု ဆရာ ဆရာမ ၄၆ ဦးအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပုလော (ပြန်/ဆက်)






## တံတားဦးမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

တံတားဦး အောက်တိုဘာ ၃၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇) နှစ်မြောက် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် တံတားဦးခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ ကျင်းပသည်။

တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဝန်ထမ်း ၂၃ ဦးတို့၏ သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြို့နယ် (ပြန်/ဆက်)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၃၀

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၀

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဦးဟန်ရွှေ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ရေဒီယိုနဲ့ ရုပ်မြင်သံကြားတို့မှ ဟောပြောဆွေးနွေးထုတ်လွှင့်ခွင့်ရတဲ့အတွက် နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ ပြည်သူရဲ့ကံကြမ္မာကို ဖော်ဆောင်ပေးနိုင်မယ့် မဲဆန္ဒရှင်များကို တိုက်ရိုက်ဟောပြော ဆွေးနွေးခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ရှေးဦးစွာ ကျွန်တော်တို့ပါတီရဲ့အကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပါတီတစ်ရပ်ဖွဲ့စည်းတည်ထောင်မယ်ဆိုရင် အခြေခံကျတဲ့ တိကျခိုင်မာတဲ့ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးကျင့်စဉ်နဲ့ ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့်ရှိရန် လိုအပ်ပါတယ်။ ဒီအချက်များနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အခြေခံအကျဆုံးမူဝါဒဟာ **"လူအများ ကောင်းစားရေးဝါဒ"** ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတည်ထောင်ပြီး လူတစ်စု၊ လူတစ်ဖွဲ့၊ လူနည်းစုကောင်းစားရေးအတွက်မဟုတ်ဘဲ လူအများစုဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တဲ့ လူသားအားလုံးကောင်းစားရေးဝါဒဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"**လို့ သတ်မှတ်ပြီး ပြည်သူကိုအဓိကထား၊ ပြည်သူကိုဗဟိုပြု၊ ပြည်သူကို လေးလေးနက်နက်မဏ္ဍိုင်ပြုထားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီရဲ့အတွေးအခေါ် အယူအဆတွေ၊ ပါတီရဲ့လက်တွေ့ဆောင်ရွက်ချက်တွေဟာ ပြည်သူ့အကျိုးစီးပွားကို မထိခိုက်စေရ၊ ပြည်သူရဲ့ကောင်းကျိုးသာဖြစ်ရမယ်လို့ ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပါတီရဲ့လမ်းစဉ်ကိုကြည့်မယ်ဆိုရင် **"ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်"** လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ချမှတ်တဲ့လမ်းစဉ်တွေကိုလည်း ပြည်သူ့အကျိုးစီးပွားနဲ့ မကင်းကွာဘဲ ချမှတ်ကြရမယ်လို့ တိတိကျကျ ညွှန်ပြထားပါတယ်။

ဒီမူဝါဒ၊ လမ်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ မဇ္ဈိမပဋိပဒါ ကျင့်စဉ်နဲ့အညီ အမှားတွေကိုမြင်အောင်ကြည့်၊ တွေ့အောင်ရှာပြီး လွတ်အောင်ရှန်းကြရမယ်ဆိုတဲ့ ဝါဒ၊ လမ်းစဉ်ကျင့်စဉ်တွေနဲ့အညီ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်မှာ ဂုဏ်သိက္ခာရှိပြီး သက်တမ်းအရှည်ဆုံး ပါတီတစ်ရပ်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့မှာ (၃၇)နှစ်ပြည့်မြောက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီလိုရပ်တည်နေနိုင်တာဟာ ပါတီဝင်တွေရဲ့ ပါတီအပေါ် လေးစားယုံကြည်မှု၊ ချစ်ခင်မြတ်နိုးမှုနဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ရှိပြီး စည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြလို့သာဖြစ်ပါတယ်။ သက်တမ်းရှည်ကြာသည်နှင့်အမျှ အတွေ့အကြုံတွေ အမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် သည်းခံနိုင်မှု၊ စိတ်ရှည်မှု၊ ခွင့်လွှတ်နိုင်မှု စတဲ့ အလေ့အကျင့်များရရှိကာ တည်ငြိမ်ရင့်ကျက်စွာနဲ့ ဆောင်ရွက်နိုင်တဲ့ ရလဒ်ကောင်းတွေကို ရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို တည်ငြိမ်ရင့်ကျက်မှုတွေကြောင့် ပါတီအပေါ် ဝေဖန်မှု၊ အပြစ်ရှာပြောဆိုမှုတွေကို စိတ်ရှည်ရှည်နဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပြီး ပြဿနာများပြေလည်ကာ ရန်သူမရှိဘဲ မိတ်ဆွေတွေတိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိတဲ့ ပါတီတွေနဲ့ဆက်ဆံရာမှာ ပါတီကြီး၊ ပါတီငယ်ဆိုတဲ့ သဘောထားမျိုးလုံးဝမရှိဘဲ တန်းတူရည်တူသဘောထားပြီး လေးလေးစားစားနဲ့ အတူတကွလက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဆိုတဲ့ ပါတီအမည်နဲ့အညီ ပါတီမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးများနဲ့ ပြည်နယ်တွေမှာ ပါတီကော်မတီတွေကို ဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးများကိုယ်တိုင် ပါဝင်လှုပ်ရှားလျက်ရှိနေကြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်တဲ့ နည်းဥပဒေညွှန်ကြားချက်များနဲ့အညီ ပါတီအင်အား(၁၅၁၉၀၀) ဦးကို ပုံစံ(ဇ)ဖြင့် သတ်မှတ်ကာလအတွင်း တင်ပြနိုင်ခဲ့လို့ ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ပါတီဝင်(၁၀၃၇၄၅)ဦးကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ခရိုင်ကော်မတီများနဲ့ မြို့နယ်ပေါင်း(၂၈၅)မြို့နယ်တွေမှာလည်း မြို့နယ်ကော်မတီတွေဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်လျက်ရှိနေပါတယ်။

မိမိပါတီရဲ့နှစ်ပတ်လည်နေ့အပါအဝင် နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့၊ အမျိုးသမီးများနေ့၊ နိုင်ငံတကာလူငယ်များနေ့များကိုလည်း ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ မြို့နယ်တွေမှာ အခမ်းအနားတွေကို ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလိုကျင်းပပြုလုပ်ခြင်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ခိုင်မာစေရန် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော့်အနေနဲ့ ဆက်ပြီး တင်ပြလိုတာကတော့ **"နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး"**ပဲ ဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေပြုပြီး တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ညီရင်းအစ်ကို တိုင်းရင်းသားများအားလုံး လက်ခံပြီး လက်တွေ့ကျကျ ဆွေးနွေးညှိနှိုင်း အဖြေရှာကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ပါတီက ဒီမိုကရေစီကို အပြည့်အဝလက်ခံထားသလို ဖက်ဒရယ်စနစ်ကိုလည်း လေးလေးနက်နက် ယုံကြည်မှုရှိတဲ့ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအချက်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီက တိုင်းရင်းသားလူမျိုးများအပေါ်မှာ ထားရှိတဲ့ သဘောထား(၃)ရပ်ကို အခိုင်အမာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီသဘောထားတွေကတော့ -

(၁) တိုင်းရင်းသားလူမျိုးများအတွင်း အခွင့်ထူးခံမှုမရှိစေရဘဲ တန်းတူရည်တူရှိစေရေး၊

(၂) တိုင်းရင်းသားမျိုးနွယ်စုတစ်ခုချင်းစီရဲ့ မိမိတို့ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည်များနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး၊

(၃) တိုင်းရင်းသားမျိုးနွယ်စုများအားလုံးအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရာမှာ ညီညာသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရမယ်လို့ အခိုင်အမာပြဋ္ဌာန်းထားပြီး လက်တွေ့ဘဝမှာ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီရဲ့ ခံယူချက်ကတော့ ငြိမ်းချမ်းရေးကို လက်နက်နဲ့ ဖြေရှင်းလို့မရနိုင်ဘဲ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အပြန်အလှန် အပေးအယူတွေလုပ်ကာ အဖြေရှာကြမယ်ဆိုရင် ရလဒ်ကောင်းတွေ ရနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်လို့ **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"**(NCA) ဖြစ်ထွန်းရေးမှစတင်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ (NCA)ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးမူဘောင်(Political Frame Work) ရေးဆွဲတဲ့လုပ်ငန်းများမှာလည်း အစကတည်းက ပါဝင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်ကိုလည်း တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ **"နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး"**ကို ရရှိနိုင်ဖို့ စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ပြည်သူတွေကို လေးလေးနက်နက် ကတိပေး တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

**"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"** နဲ့ **"ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်"**တို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့နဲ့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ကျင်းပပြုလုပ်မယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲဟာ တိုင်းပြည်နဲ့ပြည်သူအတွက် အမှန်တကယ်လိုအပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်တယ်လို့ နိုင်ငံရေးအရ ယုံကြည်လက်ခံထားပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရရှိလာမယ်လို့ မျှော်မှန်းထားပါတယ်။ ပြည်သူတွေကို တင်ပြလိုတာက ဒီမိုကရေစီ တကယ်လိုချင်ရင် ရွေးကောက်ပွဲနဲ့ ဖြတ်သန်းရပါလိမ့်မယ်။

ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲဟာ ခေါင်းနဲ့ပန်းလိုပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အေးချမ်းတည်ငြိမ်ဖို့ ဒီမိုကရေစီရဖို့ဆိုရင် ရွေးကောက်ပွဲနဲ့ဖော်ဆောင်သွားရမှာဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူအားလုံးက ရွေးကောက်ပွဲကို တရားမျှတစွာ အေးအေးချမ်းချမ်း ကျော်ဖြတ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့လည်း ရွေးကောက်ပွဲ အောင်မြင်ရေးသည် ပါတီရဲ့အဓိက တာဝန်တစ်ရပ်လို့ သတ်မှတ်ထားပါတယ်။ ရွေးကောက်ပွဲမှာ လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်ပေါင်း (၇၀၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒုတိယအင်အားအများဆုံးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းများ တင်သွင်းရာမှာ အမျိုးသား၊ အမျိုးသမီး အချိုးအစား၊ လူငယ်၊ လူလတ်၊ လူကြီးမျှတစွာပါဝင်မှုနဲ့ တိုင်းရင်းသားမျိုးနွယ်စုများ စုံလင်စွာ ပါဝင်နိုင်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ပြည်သူတွေကို ထုတ်ဖော်တင်ပြရတဲ့ ပါတီရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းကို လေးလေးစားစားထုတ်ပြန်တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ မိမိတို့ကို တာဝန်ပေးအပ်လာရင် တိုင်းပြည်အတွက် ဘယ်လိုစီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူထုလူတန်းစားများအရေး စတဲ့ ကဏ္ဍပေါင်းစုံကို တလေးတစား တင်ပြထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့အနိုင်အရှုံးကို ပြည်သူတွေက ဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အဆုံးအဖြတ်ကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်ကြတဲ့အခါမှာ စပါးနှံနဲ့ ပင်နယန် အမှတ်တံဆိပ်ပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ထောက်ခံဆန္ဒမဲပေးသွားကြပါလို့ လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား -

**"ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ"**

**ဒို့ ပါတီ**

တိုင်းရင်းသားအားလုံး .......... ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မြန်မာပြည် ... ဒို့တိုင်းပြည် .... မြန်မာတို့ရဲ့ ဇာတိသွေးက ဖွဲ့မာန်အပြည့်ရှိသည်၊ တိုင်းရင်းသားတို့ ထာဝရ စည်းလုံးညီညွတ်မည်၊
အမျိုးသားရေးကို ဦးတည်............ နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ............. အောင်ရမည်။
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့...........မဲရုံသို့ သွားကြပါစို့၊
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ရရှိဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ ...........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ........ မဲရုံသို့ သွားကြပါစို့၊
အခြေခံလူတန်းစားများရဲ့ စီးပွားရေးဘဝ မြှင့်တင်နိုင်ဖို့ ...၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ .......မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
ပြည်သူများအတွက် မျှော်လင့်ချက်အသစ် ဖော်ဆောင်ဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ..... မဲပေးကြပါစို့၊
တိုင်းရင်းသားအားလုံး ............ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ............ အောင်ရမည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ..............အောင်ရမည်။
အောင်ရမည်။

# ရခိုင့်ဦးဆောင်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　အောက်တိုဘာ ၃၀

**ရခိုင့်ဦးဆောင်ပါတီ(Arakan Front Party – AFP)ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–




**မင်္ဂလာပါ။**

**ပြည်ထောင်စုဖွား၊ မိဘပြည်သူများ ခင်ဗျာ။**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာဆုမွန်ကောင်းများ တောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင့်ဦးဆောင်ပါတီ(Arakan Front Party–AFP)ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီကြီးတိုင်းဟာ မိမိတို့ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် နိုင်ငံတော်အား စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အစိုးရအာဏာရရှိရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။

နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီငယ်များသည်လည်း မိမိတို့ဒေသ၏ စီမံခန့်ခွဲပိုင်ခွင့်ရရှိရေး တစ်နည်း ဒေသအစိုးရ၊ ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းနိုင်ရေးနှင့် ဒေသအစိုးရ၌ လည်းကောင်း၊ ဒေသဆိုင်ရာလွှတ်တော်၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ စသည်ဖြင့် ရရှိနိုင်ရေး ဦးတည်ကြစမြဲ ဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတော်၏ လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အကျပ်အတည်းနှင့် သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်တို့ကြောင့် ကြုံတွေ့ရင်ဆိုင်နေရသည့် မြန်မာလူထု၏ လူမှုဒုက္ခပေါင်းစုံမှ ကျော်လွှားစေနိုင်မည့် နိုင်ငံတော်တည်ဆောက်ရေး(Nation Building & State Building) ကဏ္ဍသည် အလွန်အရေးကြီးပြီး အလွန်နက်ရှိုင်းကျယ်ဝန်းသည်ဟု ရခိုင့်ဦးဆောင်ပါတီမှ ခံယူပါသဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍ၏ အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့ငြိမ်းချမ်းရေးကဏ္ဍ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အမျိုးသားညီညွတ်ရေးကဏ္ဍတို့၌ ရခိုင့်ဦးဆောင်ပါတီသည် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်း ကူညီပေးနိုင်ရေးသည် လက်တွေ့ကျပြီး အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်ဟု လည်းကောင်း၊

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ရင်းပြန်နိုင်ရေး၊ ရခိုင်ဒေသ၏ ကျေးလက်နှင့် မြို့ပြ ပြန်လည်တည်ဆောက်ရေးနှင့် ရခိုင်လူထု၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးတို့သည် အလွန်အရေးကြီးပြီး လက်ငင်းလိုအပ်ချက်များဖြစ်သဖြင့် ရခိုင့်ဦးဆောင်ပါတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရမည်ဟု လည်းကောင်း၊ ရခိုင့်ဦးဆောင်ပါတီ၏ လက်တွေ့ကျသည့် ရေတိုရေရှည် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဖြစ်ခဲ့ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီရဲ့ **နိုင်ငံရေးမူဝါဒနှင့် အခြေခံသဘောတရားများကို** အကျဉ်းတင်ပြလိုပါတယ်။

"ရခိုင်တို့၌ အလေးအနက်ထားရမည့် အကျပ်အတည်းကြီးရှိသည်။ ယင်းမှာ အနောက်ဘက် နယ်စပ်လုံခြုံရေးဖြစ်သည်။ အလေးအနက်ထားရမည့် ပင်မအကျပ်အတည်းကိစ္စရပ်ကြီး၊ နိုင်ငံ၏အချုပ်အခြာအာဏာအား ထိပါးလာနိုင်သည့် အကျပ်အတည်းကိစ္စရပ်ကြီးဟု ခံယူလျက်"–

ရခိုင်ဒေသ၏ တည်ရှိမှု ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အား အားသာချက်တို့အား အကြောင်းပြုလျက် ပြည်ပအင်အားကြီးတို့၏ အားပြိုင်လွှမ်းမိုးလိုမှုကြောင့် ရိုက်ခတ်လာနိုင်သည့် ဒေသတွင်းအလှုပ်အခတ်တို့ကို ဦးဆောင်တုံ့ပြန်နိုင်ရန် ပညာရှင်ဆန်သော ရခိုင်လူထု၏ သစ္စာခံသော ဦးဆောင်နိုင်ငံရေးပါတီတစ်ရပ်သည် ရခိုင်ဒေသ၌ တည်ရှိရန် လိုအပ်ချက်ကြောင့် သွေးစည်းညီညွတ် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းရေးမျှော်မှန်းလျက် – တည်ထောင်ခဲ့သော ရခိုင့်ဦးဆောင်ပါတီသည် **"အစွန်းမရောက်သည့် အမျိုးသားရေးအခြေပြုမူဝါဒနှင့် အခြေခံသဘောတရား"**ရှိသည့် ပါတီတစ်ခု ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ ဖွဲ့စည်းစဉ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပါတီတည်ထောင်ဖွဲ့စည်းရခြင်း **"ရည်ရွယ်ချက် (၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်"**တို့အား ဆက်လက်တင်ပြလိုပါတယ်။

ဦးစွာ ပါတီတည်ထောင်ရခြင်းရဲ့ **ရည်ရွယ်ချက် (၇)ရပ်**အား တင်ပြလိုပါတယ်။

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ ရပိုင်ခွင့်အပြည့်အဝရှိသော ရခိုင်ပြည်နယ်အဖြစ် ပြည်ထောင်စုအတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ခ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြားသော တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်၊

( ဂ ) ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိအခြားတိုင်းရင်းသားများ၏အကျိုးစီးပွားကို ဖော်ဆောင်ရန်နှင့် အဆိုပါ အကျိုးစီးပွားများ ရေရှည်တည်တံ့ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ဒီမိုကရေစီစနစ် ပီပြင်စွာထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( င ) ရခိုင်အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

( စ ) ရခိုင်လူမျိုးနှင့် ရခိုင်ပြည်နယ်၏ တည်ရှိမှုကိုသာမက ပြည်ထောင်စု၏ အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်နေသည့် ရခိုင်ဒေသအနောက်ဘက်နယ်စပ်လုံခြုံရေးအား အလေးထားကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဆ) ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များအနက် အရေးကြီးသည့် **လုပ်ငန်းစဉ်များ**မှာ–

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ရခိုင်တိုင်းရင်းသားတို့၏ ရပိုင်ခွင့် အပြည့်အဝရရှိရေး အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်၊

( ခ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဂ ) ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

( င ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနှင့် မကိုက်ညီသော အချက်အလက်များကို ပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( စ ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဆ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားအလုပ်သမားတို့၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ဇ ) ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးစီးပွားများကို ရခိုင်တိုင်းရင်းသားများအနေဖြင့် အမြင့်မားဆုံး အကျိုးခံစားခွင့်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဈ ) ရခိုင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့နှင့် အခြားအမွေအနှစ်များအား ရှာဖွေထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန်၊ ရခိုင်လူမျိုးတို့၏ အဓိကသမိုင်းအမွေအနှစ် ယဉ်ကျေးမှုနယ်မြေတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်ရန်၊

(ည) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မား ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားရန်၊

( ဋ ) ရခိုင်ပြည်နယ်၏ အနောက်ဘက်နယ်စပ်ဒေသလုံခြုံရေးအား အလေးထား ဆောင်ရွက်ရန်၊

( ဌ ) ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး ပြည်ပနိုင်ငံများ၌ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မိမိနိုင်ငံသို့ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်၊

( ဍ ) နေရပ်စွန့်ခွာ ရခိုင်သူ ရခိုင်သားများ ပြန်လည်အခြေစိုက်နိုင်ရန်အလို့ငှာ၊ ၎င်းတို့အတွက် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ဎ ) ကမ္ဘာကြီး ပူနွေးလာမှုလျှော့ချနိုင်ရေး အားထုတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝန်းနှင့် လက်တွဲကာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများတွင် ကူညီပံ့ပိုးသွားရန်၊

(ဏ) ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်ရသည့် သဘာဝဘေးအန္တရာယ်များနှင့် လူသားအရင်းခံ ဘေးအန္တရာယ်များကြောင့် နောက်ဆက်တွဲ လုပ်ဆောင်ရသည့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါတီအနေဖြင့် ဖြစ်နိုင်သမျှသော စွမ်းပကားများဖြင့် ပါဝင်ဆောင်ရွက်ရန်၊

(တ) ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များပေါ်ထွန်းရေးအပြင် ဒေသတွင်းကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ထ) ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား ဦးဆောင်ဖွဲ့စည်းတာဝန်ယူရမည့် အခြေအနေ ပေါ်ပေါက်လာပါက တာဝန်ယူနိုင်သည့် စွမ်းပကားရှိနေအောင် မူဝါဒရေးရာပိုင်းနှင့် ပါတီ၏ လူ့စွမ်းအားအရည်အသွေးပိုင်းကို စဉ်ဆက်မပြတ်တည်ဆောက်ကာ အဆင်သင့်ပြင်ဆင်ထားရန်၊

( ဒ ) ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ရခိုင်မျိုးနွယ်စုလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဓ ) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ **"လက်ရှိ စစ်ရေး၊ နိုင်ငံရေး အကျပ်အတည်းကာလ၌ အထူးအလေးထားပြီး ရေတို၊ ရေရှည် အဓိကဦးစားပေး ကြိုးပမ်းဆောင်ရွက်သွားမည့်"** ရခိုင့်ဦးဆောင်ပါတီ၏ **ရှေ့လုပ်ငန်းစဉ်များ**ကတော့ –

(၁) ပြည်ထောင်စု ငြိမ်းချမ်းရေးရရှိသည်အထိ သက်ဆိုင်သူများနှင့် ဘက်ပေါင်းစုံမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) ရခိုင်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏ စိတ်အေးချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများကို တတ်စွမ်းသရွေ့ ဆောင်ရွက်ရန်၊

(၅) ရခိုင်စစ်ဘေးရှောင်များ နေရပ်ရင်းပြန်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားမှုများကြောင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စရိတ်ကြီးမားသည့် ရခိုင်ပြည်သူများ၏ အခက်အခဲကို ကြိုးစားဖြေရှင်းရန်၊

(၇) ရခိုင်ဒေသနေ လူမျိုးနွယ်စု အချင်းချင်း အေးချမ်းတည်ငြိမ်လုံခြုံစွာ၊ သဟဇာတရှိစွာ၊ အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်၊

(၉) ရခိုင်ဒေသ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ –**

အထက်တင်ပြပါ ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လက်ရှိကာလတွင် အထူးအလေးထားဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များပါ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရခိုင့်ဦးဆောင်ပါတီ၏ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်အသီးသီးသို့ ရွေးချယ်စေလွှတ်ခံရရန် လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ အခြေခံအကျဆုံးသော လူထုရဲ့ ထောက်ခံမှု၊ ယုံကြည်လက်ခံမှုနှင့် မိမိတို့အား ကိုယ်စားပြုမည့် ပုဂ္ဂိုလ်နှင့် ပါတီအား ရွေးချယ်ပေးတဲ့ စာမေးပွဲကြီးတစ်ရပ် ဖြစ်ပါတယ်။ တစ်နည်း ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်ရဲ့ ဝင်ပေါက်တံခါးဝလည်း ဖြစ်ပါတယ်။

ပါတီတစ်ခုသည် လည်းကောင်း၊ ပါတီကိုယ်စားပြု အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း၊ လူထု၏ ယုံကြည်မှု၊ အားကိုးမှု၊ ယုံကြည်အားကိုးထိုက်သည့် လုံလောက်သော ပညာအရည်အချင်း၊ ဉာဏ်ရည်၊ သတ္တိ ဗျတ္တိနှင့် ရဲရင့်မှု စသည့် နှလုံးရည်၊ လက်ရုံးရည်ရှိရန် လိုအပ်သလို နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ လူမျိုးနှင့် လူထုအပေါ်၊ သစ္စာရှိပြီး ရိုးသားကြရန်၊ ကိုယ်ကျင့်သိက္ခာပြည့်ဝကြရန်၊ ပြည်သူကို အစွမ်းကုန် အလုပ်အကျွေးပြုကြရန်နှင့် အလုပ်ကြိုးစားကြရန် လိုအပ်ပါတယ်။

သို့မှသာ "ပါတီနှင့် လူထု" သည် လည်းကောင်း၊ "ပါတီနှင့် ကိုယ်စားလှယ်များ"သည် လည်းကောင်း၊ "ပါတီ၊ ကိုယ်စားလှယ်နှင့် လူထု" တို့သည်လည်းကောင်း၊ တစ်သားတည်းဖြစ်သွားမှာ ဖြစ်သလို နိုင်ငံတော်အပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ အပြန်အလှန်အကျိုးပြုရင်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ ခင်ဗျာ –**

**ရခိုင်အမျိုးသားများနှင့် ရခိုင်မျိုးနွယ်စုဝင် မိဘပြည်သူများ ခင်ဗျာ –**

ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တင်ပြခဲ့ပြီးပါပြီ။ ရခိုင့်ဦးဆောင်ပါတီအပေါ် လေ့လာသုံးသပ်ပေးကြပါ။ ရခိုင့်ဦးဆောင်ပါတီကို ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း၊ ဉာဏ်ရည်စွမ်းဆောင်ချက်များနှင့် ရိုးသားမှု၊ ကြိုးစားမှု၊ ကိုယ်ကျင့်သိက္ခာ၊ ရခိုင်ပြည်နယ် ရခိုင်လူမျိုးနှင့် ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သစ်ဆီသို့ ဦးတည်သည့် ရည်မှန်းချက်များအပေါ် သဘောပေါက်စွာဖြင့် ရခိုင့်ဦးဆောင်ပါတီမှ ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ ရောက်ရှိရေး ရွေးချယ်ပေးကြဖို့၊ ဆန္ဒမဲပေးကြဖို့လေးနက်စွာတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ၊**

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရသကို အမြန်ဆုံး ခံစားနိုင်ကြပါစေ။ ရခိုင်ပြည်နယ်အမြန်ဆုံး ငြိမ်းချမ်းတည်ငြိမ်ပါစေ။

စစ်ဘေးရှောင်များ အမြန်ဆုံး နေရပ်ရင်းပြန်နိုင်ကြပါစေ။

**ရခိုင့်ဦးဆောင်ပါတီ**
**(ဗဟိုအလုပ်အမှုဆောင်အဖွဲ့)**

**ရခိုင့်ဦးဆောင်ပါတီ (AFP) သီချင်း**

# ရခိုင်ပြည်သူတွေ ဒုက္ခပင်လယ်ထဲ မုန်တိုင်းတွေက ဖြတ်သန်းနေတဲ့အချိန် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်နဲ့ ပေးဆပ်ရန်အတွက် သန္နိဋ္ဌာန်ချထားပါတဲ့ ရခိုင့်ဦးဆောင်ပါတီ။
# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party
# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party
# ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်မည်။
ပြည်သူတို့အတွက် သတ္တိရှိရှိ ထုတ်ဖော်မည်။
# ရခိုင့်ဦးဆောင်ပါတီကို မဲပေးကြမယ်။
ရခိုင်ပြည်အနာဂတ်အတွက်လေ။
# ရခိုင့်ဦးဆောင်ပါတီနှင့်အတူ ချီတက်ကြမယ်။
ရခိုင်ပြည်အေးချမ်းဖွံ့ဖြိုးဖို့အတွက်လေ။
# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party
# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ၂/နွယ်အေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၈၃)ဟုခေါ်တွင်သော အကျယ်ဝန်း(၂၅x၅၀)ပေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်ခန်းများအနက်မှ မြေရှင်ဖြစ်သူ၏ အကျိုးခံစားခွင့်အဖြစ် ရရှိပိုင်ဆိုင်ခဲ့သော ပထမထပ် (A.2)၊ ခေါင်းရင်းခြမ်းနှင့် ဒုတိယထပ် (A.3)ခေါင်းရင်းခြမ်း၊ အကျယ်ဝန်း(၁၂ပေx၅၀ပေ)ရှိသည့် တိုက်ခန်း(၂)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေရှင်ဖြစ်သူ ဦးခင်မောင်ချိုထံမှ ဦးဌေးဝင်း [၁၂/ရကန(နိုင်)၀၄၉၉၅၇] ကိုင်ဆောင်သူမှ ၎င်းတရားဝင်လက်ဝယ်ထား ဝယ်ယူထားပြီး ပြန်လည်ရောင်းချခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်အပြည့်ရှိသူဟု ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာမှုပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှမိုး [၁၂/ဒပန(နိုင်)၀၄၂၆၆၅] ကိုင်ဆောင်သူမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေရည်ဖူး (LL.B,D.B.L) DL (101), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၄၆၁)**
**ဖုန်း–၀၉–၄၃၁၁၀၃၃၄၊ ၀၉–၆၈၀၆၀၆၃၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄–အိပ်ချ်)၊ မြေကွက်အမှတ်(၆)၊ (၀.၁၃၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၆)၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ (၁)လမ်း၊ တာမွေမြို့နယ် (ဒေါ်ထားထားဦး) [၁၄/ပသန(ဧည့်)၀၀၀၁၁၉] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား အမည်ပေါက်ဇနီး ဒေါ်ထားထားဦးသည် ၅–၁၂–၂၀၂၃ရက်နေ့တွင် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးကင်ကြီး (ခ) ဦးမင်းဆွေ [၁၄/ပသန(နိုင်)၁၄၉၁၅၃]မှ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သူ မိမိသာရှိပြီး အခြားခင်ပွန်း မည်သည့်အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၁၄–၈–၂၀၂၅)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၊ လူနေရပ်ကွက်အမှတ်–၉၊ မဟာမြိုင်လမ်း၊ မြေကွက်အမှတ်–၃၀၇(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးလှဝင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးမြင့်အောင် [၁၂/အစန(နိုင်)၁၃၉၄၄၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမိုဟန်လာလ်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမိုဟန်လာလ်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၇/ဖမန(နိုင်)၁၁၄၁၅၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **အမှတ်–၉၇၆(က)၊ နီဗွာန်လမ်း၊** | **အမှတ်–၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း–၀၉–၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၇၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၇၄/ခ)၊ တကောင်း(၇)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သီတာအောင် [၁၂/ဥကတ (နိုင်)၀၉၈၇၂၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဒေါ်သီတာအောင် ကိုယ်တိုင်မှ ဂရန်၊ နိုင်၊ ကတ်၊ ချေးငွေအပြေကျေပေးဆပ်ပြီးကြောင်း ထောက်ခံစာတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာပါသည်။ မြေစာရင်း မှတ်ချက်(၁)ရှိ (၂၀၀၅)ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ အမည်ပေါက် ဒေါ်သီတာအောင်မှ (၂၀၀၅)ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးအား လျှောက်ထားခဲ့ပြီး ထုတ်ယူခဲ့ပြီးလည်းဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ဘဏ်ချေးမြေပုံအား ထုတ်ယူခဲ့ပြီး ဘဏ်၌ ငွေချေးယူခဲ့ပြီး ချေးငွေအား အပြေအကျေဆပ်ခဲ့ပြီး ၎င်းဘဏ်ချေးမြေပုံမှာ မိမိလက်ဝယ်တွင် ထိန်းသိမ်းထားရာမှ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားခဲ့ပြီး ၎င်းဘဏ်ချေးမြေပုံအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းမရှိပါကြောင်းနှင့် အမှန်တကယ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ဘဏ်ချေးမြေပုံ ပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်အမှတ်(၁၃၈၁/၂၀၂၅/၂၈–၈–၂၀၂၅)တို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား) (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တိုက်ကြီးမြို့နယ်၊ ရန်လုံးနိုင်ရွာထိပ်၊ လှိုင်အုပ်စု၊ ကွင်းအမှတ်(၇၉၅–လှိုင်)၊ ဦးပိုင်အမှတ်(၄၆/၁၊ ၄၆/၂)၊ စုစုပေါင်းမြေ(၂၆)ဧက မြေကွက်အား ဦးဇေလတ်အောင် [၁၂/မဂတ(နိုင်)၀၈၂၈၂၂] မှ လက်ရောက်ပိုင်ဆိုင်ထားသည့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့သဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်း၊ အမွေဆိုင်ပြဿနာ တစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်စံ(ခ)ဒေါ်ဖျင့်ဆိုင်[၁၃/လရန(နိုင်)၀၈၆၅၇၁] မှအပြီးအပိုင် ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ လက်ရှိရောင်းချသည့်မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ရေးဆိုင်ခွင့်၏ စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာစာထုတ်ပြန်သည့်နေ့မှစတင်၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေပါလုပ်ထုံးအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုအများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မြင့်မြင့်စံ (ခ) ဒေါ်ဖျင့်ဆိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသက်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၆၄၀)**
**အမှတ်(၆၅၁)၊ မာဃ(၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉–၄၂၀၀၉၀၉၆၁ ၊ ၀၉–၆၈၂၀၈၅၀၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၆၃၆/ခ)၊ ဧရိယာ (၀.၀၂၇၅ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၃၆/ခ)၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ဝင်း(ခ)မခွေးမ [၁၂/ဥကတ(နိုင်)၀၁၅၁၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၅၊မြေကွက်အမှတ်–၃၈၄၊မြေကွက်တည်နေရာအမှတ်–၃၈၄၊စော်လှဘော်လမ်း၊(၃၅)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးစစ်ရုံ(WKA-065733)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်–ဦးစစ်ရုံ(ခင်ပွန်း) ကွယ်လွန်သဖြင့်ဒေါ်သန်းသန်းလှ(၁၄/ပသန(နိုင်)၁၇၅၈၉၆)မှတရားဝင်ဇနီးမယားဖြစ်ကြောင်း၊၎င်းမှလွဲ၍အခြားအမွေဆက်ခံမည့်တရားဝင်ဇနီးမယားများမရှိပါကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ယခင်ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၉၁ နှင့်ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၁၃၇။

| | |
|---|---|
| Gurjan Veneer Limited | နှင့် လှိုင်မေတ္တာကုမ္ပဏီလီမိတက် |
| (၎င်း၏ကိုယ်စားလှယ်) | (၎င်း၏ကိုယ်စားဒေါ်ဆွေဆွေမွန်) |
| ဦးထွန်းမောင်၊ မန်နေဂျင်းဒါရိုက်တာ) | (ကွယ်လွန်သူဦးကျော်ချစ်လှိုင်၏ တရားဝင်ကိုယ်စားလှယ်) |
| **ဒီကရီအနိုင်ရသူ** | **တရားရှုံး** |

မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်–(၆၄/က)(ယခုလိပ်စာမသိ)နေ တရားရှုံး လှိုင်မေတ္တာကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား ဒေါ်ဆွေဆွေမွန်) (ကွယ်လွန်သူ ဦးကျော်ချစ်လှိုင်၏ တရားဝင်ကိုယ်စားလှယ်) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၉၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်)**နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ–၈)၊ ဦးပိုင်အမှတ်(၈၅–ခ)၊ ၆၇x၆၈ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်သန်း [၉/မနမ(နိုင်)၀၆၉၉၃၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# သင့် သွေးဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃–စီ–၂–N၊ မြေကွက်အမှတ် V ၁၂၅၊ ၀.၀၃၄ ဧက၊ မြေကွက်တည်နေရာအမှတ်–၃၇/၃၉၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ (၁) ဦးသန်းဌေး [၁၂/တမန(နိုင်)၁၀၅၅၄၁]၊ (၂) ဦးဇေညွန့် [၁၂/တမန(နိုင်)၀၄၅၁၈၃]၊ (၃) ဒေါ်ခင်ထားတင် [၁၂/တမန(နိုင်) ၀၅၄၈၄၃]၊ (၄) ဦးသက်လွင် [၁၂/တမန(နိုင်) ၀၄၄၄၁၃]၊ (၅) ဒေါ်တင်မေထွေး [၁၂/တမန(နိုင်)၀၆၇၆၀၁]၊ (၆) ဦးတင်မောင်ကျော် [၁၂/တမန(နိုင်)၀၄၄၉၃၀] အမည်ပေါက် နှစ်(၉၀)ဂရန် (သက်ကုန်) မြေအား အမည်ပေါက်(၆)ဦးအနက် ဦးသက်လွင်၊ ဒေါ်တင်မေထွေး၊ ဦးတင်မောင်ကျော်ထံမှ စွန့်လွှတ်စာချုပ် အမှတ်–၃၂၀၀/၂၀၁၄ ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးသန်းဌေး၊ ဦးဇေညွန့်၊ ဒေါ်ခင်ထားတင်တို့ (၃)ဦးအနက် ဦးသန်းဌေးသည် (၁၉–၁၀–၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကြူကြူလှိုင် [၁၂/ဥကတ(နိုင်)၁၂၃၅၁၁]မှ ကွယ်လွန်သူ ခင်ပွန်း ဦးသန်းဌေး၏ ပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူ တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း (၂၃–၁၂–၂၀၂၄) ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ကျန်ပူးတွဲပိုင်ရှင် ဦးဇေညွန့် [၁၂/တမန(နိုင်)၀၄၅၁၈၃]၊ ဒေါ်ခင်ထားတင် [၁၂/တမန(နိုင်)၀၅၄၈၄၃]တို့နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဘ) မိုဟာမက်ဂျာဝိဒ်(ခ)မျိုးဝင်း၏ သမီးများဖြစ်သော အလီဇာ(ခ) ယမင်းစန္ဒာဝင်းအား ရကီလဟ်(ခ) ယမင်းစန္ဒာဝင်းနှင့် အလီနာ(ခ) ယမင်းသန္တာဝင်းအား ရှမီလဟ်(ခ) ယမင်းသန္တာဝင်း ဟု ပြောင်းလဲခေါ်ရန်။

**မိုဟာမက်ဂျာဝိဒ်(ခ) မျိုးဝင်း**
**[၁၂/ပဘတ(နိုင်)၀၃၂၄၈၅]**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ်(၁၀၅)၊ ရှစ်ထပ်ခွဲတိုက်၏ တတိယထပ်(၄)လွှာ (ခေါင်းရင်းခန်း)၊ ဧရိယာ (၁၇ ပေ x ၄၅ ပေ)ဟုခေါ်တွင်သည့် ခတ်လေ့ကားပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးငွေစိုး [၁၂/တမန(နိုင်)၀၅၇၇၉၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၆၉၉၉)**
**အမှတ်–(၂၄–အေ)၊ ရန်ပြေ(၁၃)လမ်း၊ (၃)ရန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၆၆၆၆၃၇၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၆/ ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ–၁၆၃၂)၊ ဦးထွန်းဝင်း [၉/ပမန(နိုင်)၂၄၀၈၆၇]၊ အဖအမည် ဦးရွှေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးထွန်းဝင်း [၉/ပမန(နိုင်) ၂၄၀၈၆၇] အဖအမည် ဦးရွှေမှ ဒေါ်ယဉ်သူဇာနွယ် [၁၁/စတန(နိုင်) ၀၆၀၀၃၄]၊ အဖအမည် ဦးကြည်နိုင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၅၄)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၁၁၉၃/ခ)၊ အကျယ်အဝန်းပေ(၄၀x၆၀) ဦးတင်မောင်[၁၂/လမန(နိုင်)၀၀၄၆၄၄]အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ မြေကွက်ထဲမှ (၁၀x၆၀)ပေကို ဦးဇင်လင်းဝေ [၁၂/ဒဂတ(နိုင်)၀၆၀၃၈၈]ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်မူရင်း၊ စာရွက်စာတမ်းမိတ္တူများဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး မိမိပိုင်ဆိုင်သောပစ္စည်းဖြစ်၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲကျော်ပိုင် [၁၁/စတန(နိုင်)၁၁၃၀၇၂] ကိုင်ဆောင်သူမှ (၂၃–၁၀–၂၀၂၅)ရက်စွဲဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ယင်းအိမ်ခြံမြေအရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)** | **ဒေါ်နန့်အိဆုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၂၂)** | **အထက်တန်းရှေ့နေ (စဉ်–၄၉၄၀၁)** |

**အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/B)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-422464007, 09-795598060**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈ U9)၊ မြေကွက်အမှတ်(၃၆၉)၊ မြေကွက်တည်နေရာအမှတ်(၃၆၉)၊ ၄၈ U9 ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ ဒဂုံမြောက် (ဦးပန်းအောင်–AD–၀၅၁၅၀၂)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးပန်းအောင်(ဖခင်)ကွယ်လွန်နှင့် ဒေါ်မေရှင်(မိခင်)တို့ကွယ်လွန်သဖြင့် ၎င်းမိဘများမှ မွေးဖွားသည့် သားသမီးများဖြစ်ကြသည့် ဦးစိုးသိန်းအောင် [၁၂/စခန(နိုင်)၀၁၁၄၀၂]၊ ဒေါ်ဆွေဆွေအောင် [၁၂/စခန(နိုင်)၀၁၁၈၃၃]တို့မှ အမွေဆက်ခံခွင့်ရှိသည့် သားသမီးများတော်စပ်ကြောင်း၊ ကွယ်လွန်သူမိဘများမှာ ခရစ်ယာန်ကိုးကွယ်သူများဖြစ်သော်လည်း မကွယ်လွန်မီ မည်သည့်သေတမ်းစာ တစ်စုံတစ်ရာမျှ ရေးသားခဲ့ခြင်းမရှိကြောင်း၊ မိဘများမှာ မိမိတို့မောင်နှမ (၂)ဦးသာ မွေးဖွားခဲ့ပြီး အခြားသောသားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ မိဘများကွယ်လွန်ပြီး အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့ဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဠ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၁) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၈၉၉၉၉၈) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၈၉၉၉.၉၈၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၆၂၉၉.၉၈၆**) ဖြစ်ပါသည်။ (၇၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၄၇၆**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၆၃၀၀.၄၆၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၂) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၂) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၆) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၈) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၀) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၆၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၂၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်း ရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၁-၂၀၂၅) ရက်နေ့ (စနေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၂၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

**နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၃၃/၁)၊ မြေကွက်အမှတ် (၁၇၀၇)၊ ပုရွက်ဆိတ်ကုန်းကွင်းဟုခေါ်တွင်သော အကျယ်အဝန်း (၁.၀၀ ဧက) ရှိသော နှစ်(၃၀)စက်မှုမြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်နှင့်ကပ်လျက် ဦးပိုင်အမှတ်(၃၃/၂)၊ အကျယ်အဝန်း (၀.၃၆ ဧက)ရှိ ယာမြေကွက်၊ ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ မြေကွက်များနှင့် အဆောက်အဦကို ရောင်းချသူ **ဒေါ်မြမြဝင်း [၁၂/တမန(နိုင်) ၀၉၁၀၄၅]** အမည်ပေါက်ဖြစ်ပြီး ၎င်းက တရားဝင်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်အေးမွန်ဆွေ(LLB)** | **ဦးမျိုးမြင့်အောင်(PGDL)** | **ဦးကျော်ဇေယျာထွန်း(PGDL)** | **ဒေါ်မေနှင်းဖြူ (PGDL)** |
| **(စဉ်- ၁၉၄၅၇)** | **(စဉ်- ၅၅၈၆၉)** | **(စဉ်- ၅၅၇၉၇)** | **(စဉ်- ၅၆၅၁၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်- ၂၄၇၊ တပင်ရွှေထီးလမ်း၊ (၃၆) ရပ်ကွက်၊ မြောက်ဒဂုံ။ ၀၉-၄၅၅၁၀၀၈၆၃၊ ၀၉-၄၂၈၀၄၃၇၃၉**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း- ၄၇၊ (၁၉)ရပ်ကွက်၊ စိန်ပန်းလမ်းသွယ်၊ အမှတ်- ၂၂၇/က ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာ [၁၂/ရပသ(နိုင်)၀၆၁၅၂၈] ကိုင်ဆောင်သူမှ (၂၀၁၉)ခုနှစ်တွင် တရားဝင်စာချုပ်ချုပ်ဆိုကာ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ယနေ့ထိ ယင်းမြေကွက်ကို လက်ရှိထားနေထိုင် ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၉၀)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၈၉၆၉၅၄၉၅၁**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-တောင်ကြီး
## ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်-တောင်ကြီး၏ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကိုအောက်ပါအစီအစဉ်အတိုင်း တောင်ကြီးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) အစမ်းလေ့ကျင့်မည့်ရက် - (၂၉-၁၁-၂၀၂၅)ရက်၊ (စနေနေ့)၊ နံနက် (၉:၀၀)နာရီ

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - ( ၃၀-၁၁-၂၀၂၅)ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် (၉:၀၀)နာရီ

၂။ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-တောင်ကြီးမှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ)(၁/၂၀၂၃)သင်တန်းစာမေးပွဲ အောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဘွဲ့တက်ရောက်ယူသူများအတွက် - ၁၅၀၀၀/- (ကျပ်တစ်သောင့်ငါးရာတိတိ)

(ခ) အဝေးရောက်ဘွဲ့ယူသူများအတွက် - ၁၀၀၀၀/- (ကျပ်တစ်သောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-တောင်ကြီး၊ ဘွဲ့လွန်/စာမေးပွဲဌာနတွင် တောင်းယူ ဖြည့်စွက်လျက် (အမျိုးသား- မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး- မြန်မာဝတ်စုံ)ဖြင့် လတ်တလော ရိုက်ကူးထားသော($၁\frac{၁}{၂}$''x ၂'') အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ ပူးတွဲလျက် (၃၀-၁၀-၂၀၂၅)မှ (၁၇-၁၁-၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးတက္ကသိုလ်-တောင်ကြီး၊ ဖုန်းနံပါတ်(၀၈၁၂၁၂၄၈၆၁) (သို့မဟုတ်) ၀၉၂၆၅၁၁၇၇၀၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒု-ဌာနမှူး (စီမံ/ဘဏ္ဍာ)**
**ဆေးတက္ကသိုလ်-တောင်ကြီး**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ- ၁၄၊ (၁၅)ရပ်ကွက်၊ သပြေလမ်း၊ မြေကွက်အမှတ်(၁၁၈/ခ) ဟုခေါ်တွင်သော ဦးမြတင် မြေချပါမစ် အမည်ပေါက် အကျယ်အဝန်း (၂၀x၆၀)ပေ ခြေရင်းခြမ်း(၁၀x၆၀)ပေအနက်မှ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ် (၁) လုံး၊ ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဖြိုးဝေယံ[၁၂/လသယ(နိုင်)၀၈၀၇၂၃] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထား ပိုင်ဆိုင်ကြောင်း ဥပဒေနှင့်အညီ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခင်ကျော် [၁၁/ကဖန(နိုင်)၁၂၆၄၇၇]မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာအေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၆၀၇/၂၀၁၇)**
**အမှတ်(၅၅၃)၊ နွယ်နီလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း - ၀၉-၄၀၃၇၀၂၁၀၇၊ ၀၉-၇၉၆၃၂၆၂၀၇**

---

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
## သန်လျင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၇

၁။ ဦးအောင်ကိုလတ် နှင့် ဦးလှသန်း
၂။ ဒေါ်သီတာဝင်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး (၃)လမ်း၊ အမှတ် (၂၀)နေ တရားပြိုင် ဦးလှသန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သန်လျင်ခရိုင်တရားရုံး**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်**၊ **ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ**၊ **၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်**၊ **ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်**၊ **ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်**၊ **ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်**၊ **ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


❖ **တစ်လုပ်စားဖူးသူ့ကျေးဇူး ဆိုသည့်စကားနှင့်အညီ ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့်တန်းမြင့်ရေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြု အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**




## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများ အထူးကုန်ရထားဖြင့် ပို့ဆောင်

နေပြည်တော် အောက်တိုဘာ ၃၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးသုံး ပစ္စည်းများအား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၉၇၂၀ (တန်ချိန် ၄၈၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေကြက်ယက်ဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကာ လက်ခံခဲ့ကြသည်။ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၃၀

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ရခိုင့်ဦးဆောင် ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

## နယူးကာဆယ်နဲ့ အာဆင်နယ်တို့ နိုင်ပွဲကိုယ်စီရရှိပြီး အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်တက်လှမ်း

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ (၁၆)သင်းအဆင့် ပြိုင်ပွဲတွေ ယှဉ်ပြိုင်ကစားပြီးချိန်မှာ လက်ရှိချန်ပီယံ နယူးကာဆယ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

အောက်တိုဘာ ၂၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီးအက်ဖ်အယ်လ်ဖလား (၁၆)သင်းအဆင့်ပွဲစဉ်မှာ နယူးကာဆယ် အသင်းက စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့သလို အာဆင်နယ် အသင်းကလည်း ဘရိုက်တန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ခရစ္စတယ်ပဲလေ့စ်အသင်းက လီဗာပူးအသင်းကို သုံးဂိုး-ဂိုးမရှိ၊ မန်စီးတီးအသင်းက ဆွမ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုး၊ ချယ်လ်ဆီးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို လေးဂိုး-သုံးဂိုး စသဖြင့် အသီးသီးအနိုင်ရရှိကာ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့



## ONE Friday Fights 132 ပြိုင်ပွဲတွင် မြန်မာလူငယ်ဖိုက်တာ သန့်ဇင်တွဲဆိုင်း ပါဝင်မည်




ခွန်ပွန်နို့င်(ထိုင်း)နှင့် သန့်ဇင်(မြန်မာ)တို့ကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၃၀

နိုဝင်ဘာ ၇ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ONE Friday Fights 132 ပြိုင်ပွဲတွင် မြန်မာလူငယ်ဖိုက်တာ သန့်ဇင်တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

သန့်ဇင်သည် ထိုင်းဝါရင့်ဖိုက်တာ ခွန်ပွန်နို့င်နှင့် ထိုးသတ်ရမည် ဖြစ်ပြီး ရှုံးပွဲဆက်နေမှုကို ရပ်တန့်ရမည်ဖြစ်သည်။ သန့်ဇင်သည် ONE နှင့် ငါးပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားပြီး နောက်ဆုံး သုံးပွဲဆက်တိုက် အရေးနိမ့်ထားသဖြင့် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ခွန်ပွန်နို့င်သည် ONE နှင့် ကိုးပွဲထိုးသတ်ထားရာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး မြန်မာဖိုက်တာများဖြစ်သည့် ဆွန်ရက်၊ မိုးထက်အောင်တို့ကို အနိုင်ထိုးသတ်ထားသူဖြစ်သည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - ONE

**ယနေ့ ဖတ်စရာ**



**တဒင်္ဂမြေငလျင်နှင့် ထာဝရဘဝများ**

ဆောင်းပါး စာမျက်နှာ » ၆

**သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး**

စာမျက်နှာ » ၁၂

**ပင်လောင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် တို့၌ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄